# LIFT၏အပူပိုင်းဇုံစီမံကိန်းမူဘောင်

၂၀၁၅ခုနှစ် ဧပြီလ

## မိတ်ဆက်

၁။ အသက်မွေးဝမ်းကျောင်းမှုနှင့်စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ LIFTသည် မြန်မာနိုင်ငံအလယ်ပိုင်းအပူပိုင်းဇုံ အစီအစဉ်(DZP)အတွက် ၂၀၁၅ခုနှစ်မှ ၂၀၁၈ခုနှစ်အတွင်း ကန်ဒေါ်လာ ၅၂သန်းသုံးစွဲရန် ခွဲဝေသတ်မှတ် ထားသည်။ အသက်မွေးဝမ်းကျောင်းမှုနှင့် အဟာရပြည့်ဝသည့် စားနပ်ရိက္ခာဖူလုံရေးကို ရည်ရွယ်သော ကျေးလက်ဒေသစီးပွားရေး တိုးတက်မှုကိုဖြစ်ပေါ်စေရန် မြို့နယ်၆ခု (မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တောင်သာ၊ နွားထိုးကြီး၊ မလှိုင်၊ မြင်းခြံ မြို့နယ်တို့နှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ပခုက္ကူနှင့် ရေစကြိုမြို့နယ်တို့)တွင် ထောက်ပံ့ကူညီမည်ဖြစ်သည်။

၂။ ဤအစီအစဉ်သည် ကျေးလက်နေဆင်းရဲနွမ်းပါးသောအိမ်ထောင်စုများ၏ ခံနိုင်ရည်စွမ်းကို အမြင့်မားဆုံး ဖြစ်စေမည့် ကုန်ထုတ်လုပ်မှုနှင့် ဝင်ငွေဆိုင်ရာ အခွင့်အလမ်းသစ်အမျိုးမျိုးကို ပေးအပ်မည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် အဆင့်သုံးဆင့်ဖြင့် ဆောင်ရွက်မည်ဖြစ်သည်။ ပထမအဆင့်မှာ ကျေးရွာအဆင့်ဖြစ်သည်။ စိုက်ပျိုးရေးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများကို တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ပေးခြင်းဖြင့်လည်းကောင်း၊ ပိုမိုကျယ်ပြန့်သော ကျေးလက်စီးပွားရေးစနစ်အတွင်းတွင် အလုပ်အကိုင် ပိုမိုဖြစ်ပေါ်လာစေခြင်းဖြင့် လည်း ကောင်း၊ အနွမ်းပါးဆုံးအိမ်ထောင်စုများ၏ ခံနိုင်ရည်စွမ်းကို ကာကွယ်မြှင့်တင်ပေးခြင်းဖြင့်လည်းကောင်း LIFTသည် အိမ်ထောင်စုများကို ယင်းတို့၏ စီးပွားရေးအလားအလာများအား အကောင်အထည်ဖော်နိုင်အောင် ကူညီမည်ဖြစ်သည်။ ဒုတိယအဆင့်အဖြစ် ကျေးလက်စီးပွားရေးအခြေအနေတစ်ရပ်လုံးကို တိုးတက်ကောင်းမွန်စေရန် မြို့နယ်အဆင့်နှင့် တိုင်းဒေသကြီးအဆင့်တို့တွင် စီးပွားရေးလုပ်ဆောင်ချက်များကို ထောက်ပံ့ကူညီမည်ဖြစ်သည်။(ဥပမာ။ တန်ဖိုးကွင်းဆက်နှင့် ကျေးလက်ငွေကြေးဆိုင်ရာတို့တွင် ဝင်ရောက်ဆောင်ရွက်ခြင်း) တတိယအဆင့်အဖြစ် LIFTသည် သင်ခန်းစာများကို ဖော်ထုတ်ကာ အထောက်အထားများကိုပြုစုပြီး ပိုမိုကောင်းမွန်သော မူဝါဒများနှင့် ပြည်သူ့အသုံးစရိတ်ဆိုင်ရာဆုံးဖြတ်ချက်များ ချမှတ်ရေးအတွက် အသိပေးမျှဝေမည် ဖြစ်သည်။

## မြန်မာ့အပူပိုင်းဇုံ ယေဘုယျအခြေအနေ

၃။ အပူပိုင်းဇုံအတွင်းတွင် မကွေးတိုင်းနှင့် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်းတို့ မှ ဒေသအများအပြား ပါဝင်သည်။ ၎င်းသည် တစ်နိုင်ငံလုံးတွင် စားနပ်ရိက္ခာမဖူလုံဆုံး နယ်မြေတစ်ခုလည်းဖြစ်သည်။ နယ်မြေဧရိယာမှာ ၆၇၇၀၀ စတုရန်းကီလိုမီတာ (နိုင်ငံ့ဧရိယာ၏၁၇%) ရှိပြီး၊ လူဦးရေ၁၀သန်းခန့် (မြန်မာနိုင်ငံလူဦးရေ၏၁၉%) နေထိုင်ရာဒေသဖြစ်သည်။ စိုက်ပျိုးရေး-သဘာဝဂေဟစနစ်ဆိုင်ရာ အခြေအနေနှင့် လူမှု-စီးပွားဂေဟဆိုင်ရာ အခြေအနေတို့အရ ယင်းနယ်မြေတွင် နေထိုင်ကြသူတို့သည် အခက်အခဲများစွာနှင့် ကြုံတွေ့နေရသည်။ မြေမဲ့ယာမဲ့အိမ်ထောင်စုများသည် မရေရာသော ရာသီဥတုနှင့်ဈေးကွက်အခြေအနေများ၊ မူဝါဒနှင့်လူမှုရေးဆိုင်ရာ အပြောင်းအလဲများ၏ဒဏ်ကို ခံနိုင်ရည်မရှိကြပေ။

## ဆင်းရဲမွဲတေမှု အသွင်လက္ခဏာများ

၄။ ၂၀၁၀ခုနှစ် JICA လေ့လာချက်[၁]အရ အပူပိုင်းဇုံ၏ လယ်ယာလုပ်ငန်းအိမ်ထောင်စုများ၏ ၃၃%၊ မြေမဲ့ယာမဲ့အိမ်ထောင်စုများ၏ ၅၅%သည် ဆင်းရဲမွဲတေသည့် အဆင့်တွင်ရှိကြောင်းသိရသည်။ WFP ကမူ အိမ်ထောင်စုများ၏ ၁၇%မှာ ဆိုးရွားစွာ စားနပ်ရိက္ခာမဖူလုံကြကြောင်း၊ ၂၄%မှာ အသင့်အတင့် စားနပ်ရိက္ခာမဖူလုံကြကြောင်း ဖော်ပြထားသည်။[၂] စားနပ်ရိက္ခာမဖူလုံကြောင်းကို ကလေးငယ်များတွင် ပို၍သိသာစွာ တွေ့မြင်ရသည်။ ၂၀၁၃ခုနှစ်တွင် ကလေးငယ်များ၏ ၁၄%မှာ သေဆုံးနေကြကြောင်း၊ ၃၀%မှာ ကျော်မှာ သေးလှီနေကြကြောင်း ခန့်မှန်းထားကြသည်။ LIFT၏ စစ်တမ်းအရ ပင်မဝင်ငွေ

[၁] JICA, August 2010, The Development Study on Sustainable Agricultural and Rural Development for Poverty Reduction Programme in the Central Dry Zone of Myanmar. Final Report.

[၂] Save the Children and World Food Programme 2014, A Nutrition and Food Security Assessment of the Dry Zone of Myanmar

ရလမ်းအဖြစ် သီးနှံစိုက်ပျိုးခြင်းကို အိမ်ထောင်စု ၅၈% ခန့်က ဖော်ပြထားသော်လည်း၊ ကျပန်းလုပ်သားအရေအတွက်မှာလည်း များပြားလှပြီး ၅၅%ခန့် ရှိသည်ဟု ဖော်ပြထားကြသည်။[၃]

၅။ ဆင်းရဲနွမ်းပါးသူတို့မှာ တစ်နေရာတည်းတွင် အခြေတကျမနေနိုင်ကြသူများသည့်ပြင်၊ မိသားစုဝင်တစ်ဦး သို့မဟုတ် အများသည်လည်း ရာသီပေါ်အလုပ် သို့မဟုတ် ရေရှည်အလုပ်လုပ်ရန်အတွက် အခြားဒေသများသို့ ရွှေ့ပြောင်းနေကြရသည်။ မကြာမီထွက်ရှိလာမည့် LIFT၏ ရွှေ့ပြောင်းမှုစစ်တမ်းတွင် ရွှေ့ပြောင်းခြင်းဆိုင်ရာ အချက်အလက် အသေးစိတ်များကို ပို၍တွေ့မြင်ရမည်ဖြစ်သည်။

၆။ ဝင်ငွေနည်းခြင်းနှင့် ဝင်ငွေနည်းပါးမှုအမျိုးအမည်များခြင်းကြောင့် စားနပ်ရိက္ခာမဖူလုံခြင်းသည် အပူပိုင်းဇုံဒေသလူထုအတွက် အဓိကအဟန့်အတားဖြစ်နေသည်။ အိမ်စရိတ်အတွက် ငွေချေးငှားရခြင်းမှာ မြင့်တက်နေပြီး ချေးငွေ၏ ၃၅%ကို စားနပ်ရိက္ခာဝယ်ယူရန်အတွက် အသုံးပြုကြရသည်။ ဤအချိုးမှာ မြန်မာနိုင်ငံ၏ အဓိကကျသည့် စိုက်ပျိုးရေးဖွံ့ဖြိုးသည့် ဒေသများထဲတွင် အမြင့်ဆုံးဖြစ်သည်။[၄] WFP၏ ၂၀၁၄ခုနှစ် အချက်အလက်များအရ ၁၈%သော အိမ်ထောင်စုတို့မှာ စားနပ်ရိက္ခာမဖူလုံဟုသတ်မှတ်ထားခံရပြီး နေ့စားအလုပ်သမားများနှင့် လုပ်ကွက်ငယ် လယ်သမားများ (၂ဧကအောက်)တို့တွင် အများဆုံးဖြစ်သည်။ အချို့အိမ်ထောင်စုတို့မှာ ဈေးကွက်သို့ ရိက္ခာဝယ်ယူရန် အတွက် ၂ နာရီထိ ကြာမြင့်အောင်သွားရပြီး မိုးတွင်းတွင် ပို၍ကြာမြင့်တတ်ကြောင်းသိရသည်။ ကျေးရွာအများအပြားတွင် ဟင်းသီးဟင်းရွက်လတ်လတ်ဆတ်ဆတ်ရရှိရန် ခဲယဉ်းသည်။

## မိုးရွာသွန်းမှုနှင့် ရေစီမံခန့်ခွဲမှု

၇။ နှစ်စဉ် ၆လမှ၇လခန့် ( မေလမှ နိုဝင်ဘာလ)အတွင်း မိုးရွာသွန်းမှု နှင့် မိုးရေချိန်အနည်း အများ မမှန်ကန်ခြင်းတို့ကြောင့် ရာသီကိုလိုက်၍ ရေပြတ်လပ်မှုများနှင့် ကြုံတွေ့ရတတ်သည်။ ယင်းသည် ကျေးလက်ဒေသ၏ အသက်မွေးနိုင်မှုအတွက် အဟန့်အတားတစ်ခုပင်ဖြစ်သည်။ မကြာသေးမီနှစ်များအတွင်း ဇွန်လ၏ မိုးရေချိန်မှာ သိသိသာသာလျော့ကျနေသည့်ပြင်၊ မိုးဦးကျသည့်ရက်စွဲမှာလည်း အပြောင်းအလဲများလာသည်။[၅] ထို့ကြောင့် မိုးကောင်းသောက်သီးနှံစက်ဝန်းအစတွင် မိုးခေါင်မည့်အခြေအနေ ပိုများလာသဖြင့် စိုက်ပျိုးကုန်ထုတ် လုပ်ငန်းကို ထိခိုက်စေသည်။ အထူးသဖြင့် LIFT အစီအစဉ်က ရည်ရွယ်ထားသော အပူပိုင်းဇုံ အလယ်ပိုင်းတွင် ဖြစ်သည်။ မြစ်ရေစီးဆင်းမှုမှာလည်း မြစ်ညာဒေသ၏ မုတ်သုန်ရာသီဥတုက တိုက်ရိုက်လွှမ်းမိုးလျက်ရှိရာ ဇွန်လ တွင် မြစ်ရေတက်၍ စက်တင်ဘာလ နောက်ပိုင်းတွင် မြစ်ရေကျဆင်းသွားသည်။

၈။ စိုက်ပျိုးရေး၊ မွေးမြူရေးအတွက်သာမက အိမ်သုံးအတွက်ပါ စိတ်ချယုံကြည်ရသော ရေကိုမရရှိခြင်းသည် အသက်မွေးဝမ်းကျောင်းမှုနှင့် လူမှုသုခအတွက် အဟန့်အတားဖြစ်နေသည်။ မိုးရေမရရှိခြင်း၊ ရာသီလိုက် ရေပြတ်လပ်ခြင်းတို့ကြောင့် အိမ်ထောင်စုများသည် ဆင်းရဲခြင်းစက်ဝန်းမှ မလွတ်ကင်းနိုင်ဘဲ ရှိနေကြသည်။ လယ်သမားအများစုသည် စိုက်ပျိုးရေးသွင်းအားစုများကိုလျှော့ပြီး လူအင်အားကိုများစွာမသုံးရသောနည်းဖြင့် စိုက်ပျိုးကာ သီးနှံမအောင်မြင်ပါက အဆုံးအရှုံးလျော့နည်းစေရန် စီမံဆောင်ရွက်ကြသည်။

၉။ ရာသီဥတုနှင့် ရေရှားပါးသည့်အပြင် မြေဆီလွှာသည်လည်း ပါးလွှာကာ မြေမျက်နှာပြင်အသွင်အပြင်မှာ လည်း မညီမညာအတက်အဆင်းများပြားပြီး သဘာဝပေါက်ပင်နည်းပါးသောကြောင့် အခြေအနေကို ပို၍ဆိုးရွားစေသည်။ လက်ရှိ စိုက်ပျိုးရေးနည်းစနစ်များမှာ တစ်နှစ်လုံးနီးပါး မြေကိုလှန်ထားရသည်။ ဤအချက်များ စုပေါင်းလိုက်သောအခါ မြေဆီလွှာတိုက်စားခြင်းနှင့် မြေအရည်အသွေးကျဆင်းခြင်းတို့ ဖြစ်လာသည်။

## လယ်မြေအရွယ်အစားနှင့်မြေမဲ့ယာမဲ့ဖြစ်မှု

၁၀။ LIFT၏စစ်တမ်းများအရ အိမ်ထောင်စု ၄၃%မှာ မြေမဲ့ယာမဲ့များဖြစ်ကြပြီး မြို့နယ်အလိုက် ကွာခြားမှုမှာ အလွန်ကြီးမားသည်။ ထို့ပြင် လယ်သမား ၃၇%မှာ လယ်မြေ ၂ဟက်တာ(၅ဧက)အောက်လျော့သော လုပ်ကွက်ငယ်လယ်သမားများဖြစ်ကြသည်။ ယင်းတို့သည် အခြားဝင်ငွေရမည့်အလုပ်များကို ရှာဖွေနေကြသည်။

---

[၃] LIFT, July 2012, Baseline Survey Results, Yangon.

[၄] LIFT 2013, Household Survey 2013. Yangon

[၅] International Water Management Institute, 2013.

၁၁။ FAO ရင်းနှီးမြှုပ်နှံမှု စင်တာမှကောက်ယူသည့် အပူပိုင်းဇုံ စစ်တမ်း(၂၀၁၄ခုနှစ် နိုဝင်ဘာလ)အရ သိရသည်မှာ မြင်းခြံမြို့နယ် (DZP အဆိုပြုမြို့နယ်များထဲမှတစ်ခု)သည် လယ်ပိုင်ဆိုင်မှုမမှန်ကန်ခြင်းကြောင့် သက်ရောက်မှုရှိကြောင်း ထင်ရှားသော သက်သေတစ်ခုဖြစ်သည်။ အိမ်ထောင်စုအားလုံး၏၂၂%သည် ဝ.၈ဟက်တာ(၂.၁၇ ဧက)ထက် လျော့နည်းသော လယ်မြေများကို ပိုင်ဆိုင်ကြသည်။ မြို့နယ်အတွင်းရှိ အိမ်ထောင်စုအားလုံး၏၅၂%မှာ မြေမဲ့ယာမဲ့များနှင့် လုပ်ကွက်ငယ် လယ်သမားများဖြစ်ကြသည်။ ဤအိမ်ထောင်စုအများစုမှာ အိမ်သားတစ်ဦးသို့မဟုတ်အများကို အခြားဒေသတစ်ခုသို့ ရာသီလိုက်ဖြစ်စေ ဗလထိဖြစ်စေစေလွှတ်၍ အလုပ်လုပ်ခိုင်းသောနည်းကို ကျင့်သုံးနေကြသည်။ ဤဒေသမှ ပုဂ္ဂလိကဘဏ်များ၏အဆိုအရ ယင်းတို့၏ ဝန်ဆောင်မှုအသုံးပြုသူ ၇ဝမှ၈ဝ%မှာ ကျေးလက်ဒေသများမှဖြစ်ကြပြီး ဘဏ်ကို ငွေလွှဲဝန်ဆောင်မှု အတွက်သာ အသုံးပြုကြကြောင်းသိရသည်။[၆]

## ရာသီဥတု အပြောင်းအလဲ၏သက်ရောက်မှု

၁၂။ အပူပိုင်းဇုံဒေသ၏ ရာသီဥတုအပြောင်းအလဲ ခန့်မှန်းချက်မှာ အပူချိန်မြင့်လာခြင်း၊ မိုးရာသီတွင်လည်း မိုးရွာသွန်းမှု အပြောင်းအလဲများလာခြင်း၊ မုတ်သုန်နောက်ကျဝင်ပြီး စောထွက်သောကြောင့် ရေကြီးနိုင်မှုများပြားလာခြင်း၊ လေမုန်တိုင်းများ၊ လေပြင်းများ၊ ရေကြီးခြင်း၊ မိုးသည်းထန်ခြင်း၊ အပူချိန်မြင့်မားခြင်း၊ မိုးခေါင်ခြင်းစသည့် ရာသီဥတု ဆိုးရွားမှုများ ပိုမိုဖြစ်ပေါ်လာနိုင်ခြင်းဖြစ်သည်။[၇] မိုးမမှန်ခြင်းနှင့် အပူချိန်တို့သည် လက်ရှိရေရှားပါးမှုကို ပို၍ခက်ခဲစေသည်။[၈]

၁၃။ ရာသီဥတုအပြောင်းအလဲနှင့် တောခုတ်၍ ထွန်ယက်စိုက်ပျိုးသော နည်းစနစ်များကြောင့် မြေဆီလွှာ အဆင့်အတန်းကျဆင်းခြင်းနှင့် သီးနှံပင်များဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေသည်။ လျစ်လျူရှုထားလိုက်ပါက အပူပိုင်းဇုံဒေသသည် သဲကန္တာရသဖွယ် သိသိသာသာပြောင်းလဲသွားပေလိမ့်မည်။ ရေရှည်တည်တံ့သော အလုံးစုံစီးပွားရေးဖွံ့ဖြိုးမှုကိုဖြစ်စေရန် ရည်ရွယ်ဆောင်ရွက်ရာတွင် တိရစ္ဆာန်မွေးမြူခြင်းနှင့် စားကျက်မြေစီမံခန့်ခွဲခြင်းနည်းစနစ်များကိုပါ ထည့်သွင်းစဉ်းစားရန်လိုသည်။ ထို့ပြင် လက်ရှိပတ်ဝန်းကျင်အခြေအနေနှင့် ကိုက်ညီသော အမျိုးအစားများကို ရွေးချယ်ရန်လည်း လိုအပ်ပြီး အလယ်အလတ်ကာလအပိုင်းအခြားအတွက် မျှော်မှန်းဆောင်ရွက်သင့်သည်။

၁၄။ ရာသီဥတုနှင့် ပတ်ဝန်းကျင်အခြေအနေတို့သည် အလုပ်အကိုင်အတွက် ပြောင်းရွှေ့ခြင်းကို တွန်းအားပေးနေကြသည်။ နိုင်ငံအတွင်းပြောင်းရွှေ့ခြင်းကို ရင်ဆိုင်နိုင်သော မဟာဗျူဟာတစ်ခုအဖြစ် အသုံးပြုကြပြီး ရှမ်းပြည်နယ်သို့ လယ်ယာလုပ်သားများအဖြစ် ရာသီအလိုက်ပြောင်းရွှေ့နေကြသူ အများအပြားပင်ရှိသည်။[၉] အပူပိုင်းဇုံမှ ရန်ကုန်နှင့်မန္တလေးရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်များသို့ သွားရောက်လုပ်ကိုင်နေသူလည်း အများပင် ရှိသည်။[၁၀]

## ငွေကြေးနှင့်ဈေးကွက်တို့သို့လက်လှမ်းမီမှု

၁၅။ အပူပိုင်းဇုံ၏ အဓိကသီးနှံများမှာ ပဲမျိုးစုံနှင့်ဆီထွက်သီးနှံများဖြစ်ပြီး ဒေသတွင်းနှင့်နိုင်ငံခြားသို့ ရောင်းချ ကြသည်။ ဤသီးနှံများကို ဈေးကွက်တင်ရောင်းချခြင်းမှာအလွန်ကျယ်ပြန့်ပြီး LIFT၏ စစ်တမ်းအရ လယ်မြေတစ်ဧကပင် မပိုင်ဆိုင်သော အိမ်ထောင်စုများပင်လျှင် ပါဝင်နေကြသည်။ ဤအုပ်စု၏ ၇ဝ%သည် ယင်းတို့ထွက်ကုန်၏အချို့အဝက်ကို ရောင်းချခြင်းဖြင့် မြေပိုမိုပိုင်သော အိမ်ထောင်စုများထက်ပင် ဝင်ငွေပိုကောင်းကြသည်။ ဈေးကွက်အဆောက်အအုံနှင့် တန်းဖိုးကွင်းဆက်တို့မှာ အပူပိုင်းဇုံတွင် ကောင်းစွာဖြစ်ထွန်းနေသောကြောင့် လုပ်ကွက်ငယ် လယ်သမားများက လက်လှမ်းမီကြသည်။ သို့သော်လည်း အိမ်ထောင်စု ၉ဝ%မှာယင်းတို့၏ သီးနှံများကိုရိတ်သိမ်းပြီး တစ်လအတွင်းတွင် ရောင်းချကြပြီး ၁ဝ%ခန့်သာ စုပေါင်းရောင်းချ

---

[၆] Remittances are also transferred using the Hundi system typical in Myanmar. Hundi (Sanskrit for bill of exchange) originated on the Indian subcontinent in the early 1600's and involves the informal transfer of money through go between agents at the sending and receiving end of the funds transfer.

[၇] Bates C., DFID, 2014, Climate change resilience – a new emphasis for LIFT

[၈] IWMI, 2013, Water Resource Assessment of the Dry Zone of Myanmar

[၉] QSEM4 (World Bank/LIFT, 2014) estimates that 81 percent of migrants from Mandalay engage in seasonal migration

[၁၀] QSEM4, p.31

နိုင်ကြသည်။ အကြွေးပြန်ဆပ်ရန် နှင့် သိုလှောင်ရန်အခက်အခဲရှိမှုတို့ကြောင့် လယ်သမားတို့သည် သီးနှံများကိုရိတ်သိမ်းပြီး မကြာခင်တွင် ရောင်းချကြရသည်။ ဈေးကောင်းရအောင် အချိန်စောင့်၍ မရောင်းချနိုင်ကြပေ။

၁၆။ ငွေချေးယူမှုမှာလည်း အနှံ့အပြားတွင်ဖြစ်ပေါ်နေသည်။ LIFT၏စစ်တမ်းကိုဖြေဆိုသူ ၈၃%က လွန်ခဲ့သောတစ်နှစ်အတွင်းငွေချေးယူခဲ့ဖူးကြောင်းဖြေကြားကြသည်။ သို့သော်လည်း ထိုချေးငွေများမှာ အမျိုးအစားများပြားသည်သာမက အသုံးပြုပုံနှင့်အတိုးနှုန်းတို့မှာလည်း အမျိုးမျိုးရှိနေကြသည်။ မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးမှုဘဏ်သည် တစ်လလျှင်၁.၇%အတိုးဖြင့်ငွေအမြောက်အမြားကို ထုတ်ချေးနေသည်။ သို့သော်ငွေချေးယူသူ အိမ်ထောင်စု ၅စုတွင် တစ်အိမ်ထောင်မျှပင် ထိုချေးငွေကိုမရကြပေ။[၁၁] ဤဘဏ်သည် လယ်ယာလုပ်ငန်းများကိုသာ ထုတ်ချေး သောကြောင့် မြေမဲ့ယာမဲ့များမပါဝင်ပေ။ လက်ရှိဤဘဏ်၏မူဝါဒများအရ ချေးငွေအများဆုံး (အကြမ်းအားဖြင့် ဆန်စပါးမဟုတ်သော သီးနှံများအတွက် တစ်ဧကလျှင် ကန်ဒေါ်လာ ၁)သည် ကုန်ကျစရိတ်များကို လုံးဝကာမိ ခြင်းမရှိပေ။

၁၇။ ဆန့်ကျင်ဘက်အားဖြင့် ငွေချေးသူ၇၀%မှာ ငွေထုတ်ချေးသူများ ဆိုင်ပိုင်ရှင်များထံမှ တစ်လလျှင် ၅%မှ ၁၀%အထိ အတိုးဖြင့် ချေးငှားနေရသည်။ ဤမျှမြင့်မားသော အတိုးနှုန်းဖြင့်ချေးရသည့်အပြင် သီးနှံပျက်စီးခြင်းအထွက်နည်းခြင်းတို့နှင့်ပါ ပေါင်းစပ်လိုက်သောအခါ ကြွေးတင်ရန်အလားအလာပို၍များပြားလာသည်။ MFIများ အခြားနေရာများထက် အပူပိုင်းဇုံတွင် ပို၍လုပ်ငန်းဆောင်ရွက်နိုင်သော်လည်း ထိုးဖေါက်နိုင်မှုမှာ အကန့်အသတ်ဖြင့်သာ ရှိနေသောကြောင့် အများစုမှာ အတိုးနှုန်းသက်သက်သာသာဖြင့် ငွေချေးယူနိုင်ခြင်းမရှိသေးပေ။

## အာဟာရမပြည့်ဝခြင်း

၁၈။ (WFP၂၀၁၃)အရ အပူပိုင်းဇုန်တစ်ခုလုံးအနေဖြင့် ကလေးငယ်သေပျောက်နှုန်းမှာ ၁၃.၉%ရှိပြီး သေးလှီ/ဖွံ့ဖြိုးနှုန်းနေးမှုနှုန်းမှာ ၃၀.၈%ထ ရှိနေသည်။ ဤပြဿနာနှစ်ခုလုံးကို ဆိုးရွားသော လူထုကျန်းမာရေးပြဿနာများဟု WHOက သတ်မှတ်ထားသည်။ သေးလှီခြင်းမှာ အစားအသောက်အမျိုးမျိုးကို လုံလုံလောက်လောက် ကာလရှည်ကြာမစားသုံးနိုင်ခြင်း၊ ရောဂါကူးစက်ခြင်း၊ မိခင်ရောကလေးပါ ကျန်းမာရေးကိုယ်ခံအားနည်းခြင်းတို့ကြောင့်ဖြစ်သည်။ ယင်း၏ ၁၇.၂%မှာ မွေးစကလေးအလေးချိန်မပြည့်ခြင်းကြောင့်ဖြစ်သည်။[၁၂] ဤသည်မှာ မိခင်၏အလေးချိန် လျော့နည်းခြင်း နှင့် ကိုယ်ဝန်ဆောင်စဉ်သန္ဓေသားဖွံ့ဖြိုးမှုအားနည်းခြင်းတို့ကို ဖေါ်ပြနေသည်။

၁၉။ တစ်ကိုယ်ရေသန့်ရှင်းမှုအလေ့အထ့်မှာလည်း အားနည်းသေးသည်။ အပူပိုင်းဇုံမှ လူဦးရေ သုံးပုံတစ်ပုံခန့် သာ အစားအစာမပြင်ဆင်မီနှင့် အိမ်သာသုံးစွဲအပြီးတွင် ဆပ်ပြာကိုအသုံးပြုကာ လက်ဆေးကြသည်။ အပူပိုင်းဇုံမှ အိမ်ထောင်စု၂၅%သည် အိမ်သာကိုလုံးဝအသုံးမပြုကြပေ။ သို့ဖြစ်၍ အူပိုင်းဆိုင်ရာရောဂါများဖြစ်နိုင်ခြေပိုများလာပြီး အဟာရမပြည့်ဝခြင်း၏ အကြောင်းရင်းတစ်ချက်လည်း ဖြစ်သည်။

## ကျား/မရေးရာ

၂၀။ နိုင်ငံ၏ အခြားအပိုင်းများနှင့် မတူသည့် အပူပိုင်းဒေသတွင် အမျိုးသမီးများသည် အများသားများထက် လယ်ယာလုပ်ငန်းတွင် သိသိသာသာ ရက်ပိုလုပ်နေကြရပြီး [1] မိုးရာသီတွင်(၃၀%ခန့်) နှင့် ခြောက်သွေ့ရာသီတွင်(၅၀%) ရက်ပိုလုပ်ကြရ သည်။ အထူးအားဖြင့် ပေါင်းသင်ခြင်း၊ ပိုးသတ်ခြင်းနှင့် ရိတ်သိမ်းခြင်းများတွင် ရက်ပိုလုပ်ကြရပြီး မြေပြင်ခြင်းလုပ်ငန်းများတွင်တော့ အမျိုးသားများနှင့်တန်းတူပါဝင်နေကြရသည်။ သို့သော်လည်း အခြားဒေသများနှင့်နှိုင်းယှဉ်လျှင် အမျိုးသားများ၏ လုပ်ခလစာထက်နည်းသည့်ပမာဏကိုသာရရှိကြပြီး အများအားဖြင့် အမျိုးသားများလုပ်ခ၏ ၇၅%ခန့်သာ ရရှိကြသည်။ အမျိုးသမီးများသည် အသေးစားမွေးမြူရေးလုပ်ငန်းများ၊ သီးနှံများစိုက်ပျိုးခြင်း နှင့် ရိတ်သိမ်းလွန်ကာလလုပ်ငန်းများဖြစ်သည့် ခြွေလှေ့ခြင်း၊

---

[၁၁] Only farmers with registered land are eligible for the MADB loans. As the rate of land registration increases so will the proportion of farmers taking MADB loans to take advantage of the comparatively cheap credit.

[၁၂] low birth weight is defined as under 2.5kgms.

[1]၁၃ LIFT 2013, Household Survery 2013. Yangon


ဆန်ခွဲခြင်းနှင့် စပါးလှန်းခြင်းတို့တွင်လည်း လုပ်ကိုင်ကြရသေးသည်။ ထို့အပြင် ရေခပ်ခြင်း၊ ထင်းကောက်ခြင်းတို့တွင်လည်း အဓိကတာဝန်ယူထားရသူများဖြစ်ကြသည်။ အရည်အသွေးနိမ့်ကျသည့် နည်းပညာများနှင့်ပစ္စည်းကိရိယာများကိုသုံးစွဲကာ လုပ်နေကြရသည့်အတွက်လည်း အခက်အခဲများပိုမိုဖြစ်စေပြီး တန်ဖိုးရှိသည့် ပစ္စည်းပိုင်ဆိုင်မှုများတွင်မူ အမျိုးသားများကသာ ချုပ်ကိုင်ထားကြောင်း တွေ့ရှိရသည်။

၂၁။ အမျိုးသမီးများသည် စိုက်ပျိုးရေးဖွံ့ဖြိုးမှုဘဏ်ချေးငွေရရှိရန်လည်း အခက်အခဲများရှိပြီး ပြင်ပငွေချေးသူများနှင့် ချိတ်ဆက်ချေးငှားရာတွင်လည်း လုံခြုံစိတ်ချမှုနည်းသည့် အခွင့်အလမ်းအနည်းငယ်သာ ရရှိကြသည်။ နည်းလမ်းကျကျနှင့် အိမ်ထောင်စုအတွက် ဝင်ငွေရလမ်းအမျိုးမျိုးအနေဖြင့် မြေသြဇာပြုလုပ်ခြင်း၊ ထင်းရောင်းခြင်းနှင့် အသေးစားမွေးမြူရေးလုပ်ငန်းများလုပ်ခြင်းကဲ့သို့သော တန်ဖိုးနည်းသည့် လုပ်ငန်းများ/ထုတ်ကုန်များကိုသာ အများအားဖြင့် လုပ်ကိုင်နေကြရသည်။ ကျားမရေးရာဆက်နွယ်မှု အင်အားသည် အမျိုးသမီးများအတွက် အဖွဲ့အစည်းများနှင့် လူမှုဖွဲ့စည်းမှုပုံစံများတွင် ခေါင်းဆောင်မှုဆိုင်ရာအခွင့်အလမ်းများရရှိမှုနည်းပြီး စီးပွားရေးလုပ်ငန်းရှင်များနှင့် ချိတ်ဆက်မှုများတွင်လည်း လက်တွေ့သက်ရောက်မှုများဖြစ်စေသည်။

## အပူပိုင်းဇုံအတွင်းဦးစားပေးနယ်မြေများ

၂၂။ ဤအစီအစဉ်သစ်အတွက် အပူပိုင်းဇုံအလယ်ဗဟိုရှိမြို့နယ်၆ခုကို LIFTက ရွေးချယ်ထားသည်။ ယင်းတို့ သည် မိုးရွာသွန်းမှုမမှန်ကန်ခြင်း၊ စိုက်ပျိုးရေးလုပ်ကိုင်သူထူထပ်ခြင်း၊ လုပ်ကွက်ငယ်လယ်သမား အချိုးအစားမြင့်မားခြင်း၊ ပျမ်းမျှမြေမဲ့ယာမဲ့နှုန်းရှိခြင်း(၄၀%အောက်)[၃၇]ကြောင့်ဖြစ်သည်။ ဤ၆မြို့နယ်တွင် မန္တလေးဒေသကြီး မှ ၄မြို့နယ် (တောင်သာ၊ နွားထိုးကြီး၊ မလှိုင်၊ မြင်းခြံ)နှင့် မကွေးတိုင်းဒေသကြီးမှ ၂မြို့နယ်( ပခုက္ကူ၊ ရေစကြို)တို့ ပါဝင်သည်။ ဤ၆မြို့နယ်စလုံးမှာ ဆက်စပ်နေပြီး မကွေးနှင့် မန္တလေးအကြားအတွင် ဧရာဝတီမြစ်သာခြားလျက်ရှိသည်။ ဤ၆မြို့နယ်၏စုစုပေါင်းလူဦးရေမှာ ၁.၃သန်းရှိသည်။

အစီအစဉ်မြို့နယ်များပြမြေပုံ




**မကွေး**
ပခုက္ကူ - ၁၀၈
ရေစကြို – ၁၂၀

**မန္တလေး**
မြင်းခြံ – ၁၃၃
နွားထိုးကြီး – ၁၃၅
တောင်သာ – ၁၄၇
မလှိုင် - ၁၃၀

---

[၃၇] FAO Investment Centre, November 2014, Myanmar Dry Zone Development Programme Scoping Report

| မြို့နယ် | JICA [၁၄]အမျိုးအစား | လူဦးရေ | စိုက်ပျိုးရေး လူဦးရေ | လုပ်ကွက်ငယ် လယ်သမား (<၅ ဧက) | ထူးခြားချက်များ |
|---|---|---|---|---|---|
| မြင်းခြံ | III | ၂၇၆၁၉၀ | ၄၀ % | ၆၈ % | သီးထွက်နှုန်းအကောင်းဆုံး၊ မွေးမြူရေး၊ ဆည်မြောင်း စနစ်အသင့်အတင့်၊ ရေတွင်းအများရှိ၊ ကျေးလက်နေ လူဦးရေရာခိုင်နှုန်းအနည်းဆုံးရှိ |
| နွားထိုးကြီး | II | ၁၇၆၉၂၇ | ၅၆ % | ၆၇ % | ဆည်မြောင်းစနစ်အနည်းဆုံးရှိ၊ သီးနှံပျက်စီးမှုမြင့်မား၊ ရွှေ့ပြောင်းမှုမြင့်မား၊ ရေကန်အများရှိ၊ ၃နှစ်အတွင်း ဘာသင်တန်းပေးခြင်းမျှမရှိ၊ |
| တောင်သာ | II | ၂၁၆၃၉၉ | ၅၄ % | ၄၂ % | အကြီးဆုံးကျေးရွာများ၊ လယ်များရှိ၊ မွေးမြူရေးများပြား၊ ဝါဂွမ်း၊ ဆည်မြောင်းစနစ်အနည်းငယ်ရှိ၊ ရေကန်အများရှိ၊ အာဟာရမပြည့်ဝမှုအတွေ့ရများ၊ |
| မလှိုင် | II | ၁၃၉၃၆၈ | ၆၀ % | ၃၂ % | အသေးဆုံးကျေးရွာများ၊ ဆည်မြောင်းအသင့်အတင့်ရှိ၊ ဝါဂွမ်း၊ မတ်ပဲ၊ နှမ်း အဓိကထုတ်လုပ်သူ၊ ပြင်ပ အထောက်အပံ့ပေးအဖွဲ့အစည်းအချို့ရှိ၊ |
| ရေစကြို | II | ၂၁၄၉၆၉ | ၆၄ % | ၈၀ % | ဆည်မြောင်းအသင့်အတင့်ရှိ၊ ရေတွင်းအများရှိ၊ ဆန်စပါး ထုတ်လုပ်ရေး၊ ရွှေ့ပြောင်းမှုများပြား၊ အသေးစားမွေးမြူ ရေးများပြား၊ |
| ပခုက္ကူ | I | ၂၈၉၆၅၀ | ၄၃ % | ၆၇ % | စီးပွားရေးဗဟိုချက်၊ အသေးဆုံးလယ်ယာများ၊ အထွက် နှုန်းနည်းပါး၊ ဆည်မြောင်းစနစ်နည်းပါး၊ ဝါဂွမ်းထုတ်လုပ် ရေး၊ မိုးစပါး၊ ပဲတီစိမ်း၊မြေပဲ၊နှမ်း၊ အသေးစားမွေးမြူရေး၊အာဟာရမပြည့်ဝမှုအတွေ့ရများ |
| စုစုပေါင်း | | ၁၃၁၃၅၀၃ | | | |

Data source: JICA, 2010 with population figures from the 2014 national census (provisional results).

၂၃။ ဤရွေးချယ်ထားသောမြို့နယ်များအချင်းချင်းတွင် ထူးခြားစွာကွဲပြားမှုများ ရှိနေကြသည်။ ယင်းအချက်ကို ဤအစီအစဉ်၏အားသာချက်တစ်ရပ်ဟု ရှုမြင်သည်။[၁၅] အကြောင်းမှာ ရည်မှန်းချက်နယ်မြေတွင် ငတ်မွတ်မှုနှင့်ဆင်းရဲမွဲတေမှု ကိုလျှော့ချရန်သာမက အပူပိုင်းဇုံတစ်ခုလုံးကို ပို၍ကျယ်ကျယ်ပြန့်ပြန့် ချဉ်းကပ်ဆောင်ရွက်နိုင်မည့် နည်းများကို စမ်းသပ်ရန်၊ သရုပ်ပြရန် ရည်ရွယ်သောကြောင့်ဖြစ်သည်။

၂၄။ ဤရွေးချယ်ထားသောမြို့နယ်များအတွင်းတွင်လည်း ထူးခြားစွာကွဲပြားမှုများ ရှိနေကြသည်။ အမှန်မှာ မြို့နယ်တွင်း ကွဲပြားမှုများမှာ မြို့နယ်အချင်းချင်းကွဲပြားမှုများထက် ပို၍မြင့်မားသည်။ ဤခြောက်မြို့နယ်အတွင်းရှိ ကျေးရွာအများစုမှာ မြစ်ချောင်းများတစ်လျှောက်တွင် တည်ရှိကြသည်ဖြစ်သော်လည်း ရေနှင့်နီးလေလေ အသက်မွေးဝမ်းကျောင်းစနစ်များနှင့် ဆင်းရဲမွဲတေမှုလက္ခဏာများမှာ ရေနှင့်ဝေးသောနေရာများနှင့် ကွဲပြား လေလေ ဖြစ်သည်။ အတိုချုပ်အားဖြင့် မြစ်ချောင်းများ နှင့်နီးပါက လူဦးရေပိုထူထပ်သည်၊ စိုက်ပျိုးရေး ပိုကောင်းသည် (ရေလွှမ်းလွင်ပြင်များတွင်မြေသြဇာပိုကောင်းသည်၊ ထို့ပြင် အစိုဓါတ်ပိုရရှိသည်) အခြေခံအဆောက်အအုံပိုကောင်းသဖြင့် ဈေးကွက်နှင့်ပိုလက်လှမ်းမီသည်။ စုစုပေါင်းဆင်းရဲမွဲတေမှုနှုန်း ပိုနိမ့်သည်။ ဝင်ငွေမညီမျှမှု ပိုကြီးမားသည်။

---

၁၄ JICA, 2010

၁၅ FAO Investment Centre, 2013, *Dry Zone Programme Inception Mission Aide-mémoire.*

## အဓိကအအခက်အခဲများနှင့်အခွင့်အလမ်းများ

### အခက်အခဲများ

၂၅။ **ရေ**။ ရေသည် အပူပိုင်းဇုံနေအိမ်ထောင်စုအများစုရင်ဆိုင်နေရသည့် အကြီးအမားဆုံးသော အခက်အခဲ ဖြစ်သည်မှာ ရှင်းပါသည်။ ဆည်မြောင်းစနစ်ကြီးတစ်ခုအတွင်းပါဝင်နေသော ရွာများတွင်ပင် ဆည်ရေသောက်လယ်မြေအနည်းငယ်သာ ရရှိသည့် သို့မဟုတ် လုံးဝမရရှိသည့် အိမ်ထောင်စုများရှိနေနိုင်သည်။ အိမ်ထောင်စုအများစုမှာ ကန်ရေကိုခပ်ပြီး ရေစစ် အဝတ်ဖြင့်စစ်ကာ သောက်သုံးကြရသည်။ မြေမျက်နှာပြင်ပေါ်ရှိ ရေရနိုင်သည့်နေရာအများစုကို အသုံးပြုပြီး ဖြစ်သောကြောင့် မြေအောက်ရေကိုအသုံးပြုရန် စဉ်းစားမည်ဆိုပါကလည်း ဆားငန်ပေါက်ခြင်း၊ စိန်ခါတ်ပါဝင်ခြင်းတို့နှင့် ကြုံတွေ့နိုင်သည့်အပြင် မြေအောက်ရေကိုရှာဖွေရန် အသိပညာချို့တဲ့ခြင်းကြောင့် အကန့်အသတ်ဖြင့်သာ ဆောင်ရွက်နိုင် သည်။ ၁၀ပေမှပေ၆၀ ထိနက်သော ရေတွင်းများကို ဤဒေသတစ်ခွင်လုံးတွင် တွေ့နိုင်သည်။ သို့သော်ရေစုပ်စက်ကို အသုံးပြုမှုနည်းပါးပြီး ရေပုံးများ ဖြင့်သာရေခပ်ယူကြရသည်။

၂၆။ **မြေပိုင်ဆိုင်မှုမရှိခြင်း**။ အပူပိုင်းဇုံတွင်းရှိ ကျေးလက်ဒေသများ၏အိမ်ထောင်စုအချို့ကြုံတွေ့နေရသော ကန့်သတ်ချက် ဖြစ်သည်။ စစ်တမ်းကောက်ယူထားသောရွာများရှိ အိမ်ထောင်စုထက်ဝက်ကျော်မှာ စိုက်ပျိုးမြေလုံးဝ မရှိဘဲ၊ ယင်းတို့အတွက် အသက်မွေးဝမ်းကျောင်းအလုပ်မှာ လယ်ယာလုပ်သား သို့မဟုတ် ရွှေ့ပြောင်းလုပ်သားအဖြစ် မိသားစုဝင်တစ်ဦး သို့မဟုတ် အများမှ လုပ်ရန်သာ ရှိတော့သည်။ သို့မှသာလျှင်လည်း ၎င်းတို့အတွက် အသက်မွေးဝမ်းကျောင်းမှုပိုကောင်းပြီး ခံနိုင်ရည် လည်းပိုကောင်းလာမည်ဖြစ်သည်။

၂၇။ **သွင်းအားစု သုံးစွဲမှု အတန်အသင့်မြင့်မားခြင်း**။ မြေဩဇာ (ဩဂဲနစ်၊ ဓါတ်မြေဩဇာ)ကို များပြားစွာ သုံးစွဲကြသော် လည်း အရည်အသွေးမြင့်မျိုးစေ့များကိုမူ သုံးစွဲမှုနည်းပါးသောကြောင့် စိုက်ပျိုးသောသီးနှံ၏ မျိုးဗီဇအရဖြစ်နိုင်စွမ်းကို အကြီးအကျယ် ကန့်သတ်ရာရောက်သည်။ ချေးငွေမရရှိခြင်းသည်အရေးပါသော်လည်း၊ သင့်တော်သော မျိုးစေ့ရရှိရန် မလွယ်ကူခြင်း၊ ထို့ထက်ပို၍ အရေးကြီးသည်မှာ ဆင်းရဲနွမ်းပါးသော လယ်သမားအများစုက ထိုသို့သော မျိုးစေ့များကို မဝယ်ယူနိုင်ခြင်းတို့သည် အဓိကအချက်များဖြစ်ကြသည်။

၂၈။ **မွေးမြူရေး**။ လယ်ပိုင်ရှင်အများစုမှာ ခိုင်းနွားများပိုင်ကြသည်။ ဆင်းရဲသော မြေမဲ့ယာမဲ့အိမ်ထောင်စု တို့မှာ သိုးဆိတ်နှင့် ကြက်များကိုမွေးမြူကာ ဝင်ငွေကိုရှာကြသည်။ တိရိစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုနှင့် တိရစ္ဆာန်အစာခက်ခဲမှု များကြောင့် ရောဂါကျရောက်ကာ ဆုံးရှုံးရသည့်အပြင် ဘုံစားကျက်ခင်းများပါ ပျက်စီးစေသည်။ စားကျက်ခင်းများကောင်းမွန် ရန်အတွက် မြေယာပိုင်ဆိုင်မှု စိတ်ချရန်နှင့် တိရစ္ဆာန်အဟာရနှင့် ပတ်သက်၍ခေတ်မီသော နည်းပညာများရရှိရန်လိုအပ်သည်။ တိရစ္ဆာန်ပိုင်ရှင်များသည် ရနိုင်သမျှသော စားကျက်ခင်းများကို အသုံးပြုကာ ကောင်းရေ ပိုတိုး၍ မွေးမြူကြသဖြင့် ဘုံစား ကျက်မြေများ၏တန်ဖိုးမှာ ကျဆင်းလာကြသည်။ ဤသို့ဆောင်ရွက်ခြင်းသည် သဘာဝပတ်ဝန်းကျင် အခြေအနေကိုကျဆင်း စေသည့်အပြင် တစ်ခုခုဖောက်ပြန်ပြောင်းလဲပါက (ရာသီဥတု၊ ဈေးကွက်) အဆုံးအရှုံးကြီးမားနိုင်သည်။

၂၉။ **တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ကုန်များ ရောင်းဝယ်ရေး**။ ယင်းတို့၏ တိရစ္ဆာန်များကို အကောင်းဆုံး ရောင်းချနိုင်ရန် အတွက် ဈေးကွက်ရှာဖွေရာတွင် လယ်သမားများသည် အခက်အခဲများစွာနှင့် ရင်ဆိုင်ရသည်။ သားသတ်လိုင်စင်စနစ်ကဲ့သို့ သော မြို့နယ်၊ တိုင်း၊ နိုင်ငံတော်အဆင့်ဆင့်ရှိ အုပ်ချုပ်မှုဆိုင်ရာ ကြိုးနီစနစ်များ ကြောင့် လယ်သမားများသည် ဈေးနိမ့်ပေး ခြင်းကို လက်ခံကြရသည်။ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထုတ်ကုန်များကို စုပေါင်းဝယ်ယူခြင်း ဈေးကွက်တင်ပို့ခြင်းတို့ကို အထောက် အကူပြုမည့် ဒေသခံလယ်သမားအဖွဲ့အစည်းများလည်း မရှိပေ။ ထို့ပြင် ဒေသအဆင့်တွင် မွေးမြူသူအသင်းအဖွဲ့များကို ဖွဲ့စည်းရန်အားထုတ်ခြင်းလည်း အနည်းငယ်မျှသာရှိသည်။

၃၀။ **လယ်ယာပြင်ပ အခြားအလုပ်အကိုင်များ**။ မြို့နယ်များ၏ အိမ်ထောင်စု ၅၅%တွင် အိမ်ထောင်စုဝင်များ၏ လယ်ယာမှအပ အခြားအလုပ်အကိုင်များသည် အရေးပါသော ဝင်ငွေရလမ်းတစ်ခု ဖြစ်နေသည်။ လယ်သမားမိသားစု ရာခိုင်နှုန်းတော်တော်များများသည် လယ်ယာကျပန်းလုပ်သားများအဖြစ်လုပ်ကိုင်နေကြသောလည်း ၎င်းသည် လယ်လုပ်ငန်း ရာသီချိန်တွင် လုံလောက်ခြင်းမရှိပေ။ နွမ်းပါးသော လယ်ယာလုပ်ငန်းအိမ်ထောင်စုများလိုအပ်လျက်ရှိသည့် လုပ်ခပိုမိုပေးနိုင် သော အခွင့်အလမ်းများနှင့် တိုက်ဆိုင်နေသည်။

၃၁။ **အတိုးနှုန်းသက်သာသော ချေးငွေရရှိမှု။** မြန်မာနိုင်ငံရှိ အရွယ်ရောက်သူများ၏ ၁၉%သာ တရားဝင် အတိုးနှုန်းသက်သာသောချေးငွေကို ရရှိကြသည်။ ထို့အပြင် စိုက်ပျိုးရေးဖွံ့ဖြိုးမှုဘဏ်၏ စုစုပေါင်းချေးငွေများ၏ ၉၀%မှာ သီးနှံတစ်မျိုးတည်း(စပါး)အတွက်သာ ချေးထားပြီး ၉၇%ကို သီးနှံ၄မျိုးအတွက် မျှဝေသုံးစွဲထားသည်။ သီးနှံမဟုတ်သည့်ချေးငွေ (ဥပမာ လယ်ယာသုံးစက်ကိရိယာများအတွက် ချေးငွေမျိုး) သည် စုစုပေါင်းချေးငွေ၏ ၁%အောက်သာ ရှိသည်။ အိမ်ထောင်စုအများအပြားတွင် တွေ့ရှိရသော ကြွေးထူမှုသည် အတိုးနှုန်း မြင့်မားခြင်းနှင့် ဆက်စပ်လျက်ရှိသည်။ အိမ်ထောင်စုအားလုံး၏ လေးလစာဝင်ငွေသည် ယင်းအိမ်ထောင်စုများ၏ စုစုပေါင်း အကြွေး၏ လေးပုံတစ်ပုံထက် လျော့နည်းနေပါက အနာဂါတ်ရင်းနှီးမြှုပ်နှံရန်နှင့် လုပ်ငန်းထူထောင်ရန် အကန့်အသတ်တစ်ခု ဖြစ်နေသည်။

၃၂။ **အာဟာရ မပြည့်ဝမှုမြင့်မားခြင်း။** ရည်မှန်းချက် ၆မြို့နယ်တွင် အသက်၅နှစ်အောက် ကလေးများ၏ သေဆုံးမှုနှင့် သေးလှီမှုမှာ အထူးပေါ်လွင်ထင်ရှားလျက်ရှိသည်။ (သေးလှီမှု ၃၀.၈%၊ သေဆုံးမှု ၁၃.၉%မှာ မြင့်မား လှသည်။)[၁၉] အစာရေစာလုံလောက်စွာမစားရခြင်းနှင့် ရောဂါဘယများမှာ အဓိကအကြောင်းရင်းများ ဖြစ်ကြသည်။ အသက်၆လမှ ၂နှစ်အတွင်း ကလေး၉၀%ခန့်မှာ အာဟာရမျှတသောအစားအသောက်ကို မစားကြရပေ။[၂၀] သန့်ရှင်းမှုအားနည်းခြင်းနှင့် ရေရှည်ကြုံတွေ့နေရသော ကလေးများအတွက်ရောဂါများသည် အဓိကအာဟာရချို့တဲ့စေသောအကြောင်းရင်းများ ဖြစ်ကြသည်။ တနည်းဆိုသော် အဟာရကောင်းမွန်စွာရရှိခြင်းသည် ကလေးငယ်များပညာသင်ကြားရေးတွင်သာမ အရွယ်ရောက်ပြီးသူများတွင်လည်း လုပ်ငန်းခွင်လုပ်ဆောင်မှုပိုမိုတိုးတက်ခြင်းများကို ကူညီရာရောက်ပြီး ပတ်ဝန်းကျင်ရိုက်ခတ်မှုနှင့် အခက်အခဲများအား ခံနိုင်ရည်အားကောင်းလာစေမည်ဖြစ်သည်။

## အခွင့်အလမ်းများ

၃၃။ **ရေအရင်းအမြစ်သတင်းအချက်အလက်။** ရေအရင်းအမြစ်တို့၏တည်နေရာ၊ အရည်အသွေး၊ ရရှိနိုင်မည့် အတိုင်းအတာစသည်တို့နှင့် ပတ်သက်သော ခေတ်မီအသိပညာတို့သည် ရေရရှိမှုပိုမိုကောင်းမွန်စေရန် ဆုံးဖြတ် ဆောင်ရွက်ရာ၌ အထောက်အကူပြုမည်ဖြစ်သည်။ ဤအသိပညာများကို စက်ရေတွင်းတူးဖော်ခြင်း၊ ရေကန်တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နေသော အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍများနှင့်ချိတ်ဆက်ကာ ထိရောက်စွာအသုံးပြုရန် ဖြစ်သည်။

၃၄။ **ကောင်းမွန်သော ရေစီမံခန့်ခွဲမှု။** ရေကိုချွေတာသော နည်းစနစ်များကို အသုံးပြုခြင်းဖြင့် လယ်သမားများသည် တစ်နှစ်လျှင် သုံးသီးထိစိုက်ပျိုးလာနိုင်သည်။ ထို့သို့ဖြင့် လယ်သမားများအား အခက်အခဲကို လျော့ကျစေပြီး ကောင်းမွန်သော မျိုးစေ့နှင့်မျိုးကွဲများကိုအသုံးပြုနိုင်ခြင်း၊ ဓာတ်မြေသြဇာ၊ ပေါင်းသတ်ဆေး၊ပိုးသတ်ဆေးတို့ကို လိုအပ်သလိုထိထိရောက်ရောက်အသုံးပြုနိုင်ခြင်းတို့ ဖြစ်လာနိုင်သည်။ စိုက်ပျိုးရေးတွင် စိတ်ချလုံခြုံမှုရှိလာသော လယ်သမားများသည် ဝင်ငွေအာမခံချက်ကောင်းသည့် အခြေအနေကောင်းဖြင့် ပါဝင်နိုင်မည်ဖြစ်သည်။

၃၅။ **မွေးမြူရေးတိုးတက်ဆောင်ရွက်ခြင်း။** အကယ်၍ သေနှုန်းနှင့်ရောဂါဖြစ်နှုန်းကို လျှော့ချနိုင်မည်၊ အသားတိုးနှုန်းကို တက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက သိုးဆိတ်နှင့်ကြက်မွေးမြူခြင်းသည် ဝင်ငွေထိထိရောက်ရောက် တိုးတက်နိုင်မည်ဖြစ်သည်။ သို့သော် နှိုင်းယှဉ်လေ့လာထားသော အချက်အလက်များမှာ ဤကဲ့သို့ တိုးတက်မည့် အလားအလာမတွေ့ရသေးပါ။ မွေးမြူရေးပညာနှင့် စာကျက်ခင်းစီမံခန့်ခွဲမှု ပိုမိုကောင်းမွန်ရန် လိုအပ်လျက်ရှိသည်။

၃၆။ **မျိုးစေ့ကောင်းများပိုမိုရရှိမှု။** အရည်အသွေးကောင်းသော ပဲမျိုးစုံ(မတ်ပဲ၊ ပဲတီစိမ်း၊ ကုလားပဲ) ဆီထွက်သီးနှံ (မြေပဲနှင့် နှမ်း၊ နေကြာ)မျိုးစေ့များ လိုအပ်နေသည်မှာ သံသယဖြစ်ဖွယ်မရှိပေ၊ ထို့ပြင် နွားစာအတွက် နံစားပြောင်းကဲ့သို့သော နံစားသီးနှံငယ်များအတွက်လည်း လိုအပ်နေသည်။ လိုအပ်သောပမာဏအထိရရှိရန်မှာ ပုဂ္ဂလိကအခန်းကဏ္ဍက မျိုးပွားခြင်းနှင့် ဈေးကွက်တင်ရောင်းချခြင်းတို့တွင် အများအပြားပါဝင်ဆောင်ရွက်ရန် လိုအပ်သည်။

---

[၁၉] FAO Investment Centre, November 2014, Myanmar Dry Zone Development Programme Scoping Report, Annex 5: Nutrition

[၂၀] Ibid.

၃၇။ **စိုက်ပျိုးရေးလုပ်သားပိုမိုလိုအပ်လာခြင်း။** ရည်မှန်းချက်နယ်မြေတွင် ပျံကျစိုက်ပျိုးရေးလုပ်သားများ အမြောက်အမြားရှိနေသဖြင့် စိုက်ပျိုးရေးထုတ်လုပ်မှုကို ကောင်းမွန်အောင်ဆောင်ရွက်လိုက်ပါက လုပ်သားများ ပိုမိုတောင်းခံလာသောကြောင့် မြေမဲ့ယာမဲ့နှင့် ဆင်းရဲသောအိမ်ထောင်စုများအဖို့ အကျိုးရှိနိုင်သည်။ ဤသို့ဖြစ်နိုင်မဖြစ်နိုင်ဆိုသည်မှာ မည်သည့်လုပ်ငန်းကို စက်မှုလယ်ယာစနစ်ဖြင့် တိုးမြှင့်ဆောင်ရွက်မည်ဆိုသည့်အချက်အပေါ်တွင် မူတည်သည်။ ဆင်းရဲမွဲတေမှုကို သိသိသာသာထိရောက်စေလိုလျှင် လယ်ယာမှအပဖြစ်သော အလုပ်အကိုင်အခွင့်အလမ်းများကို အရေအတွက်ရောတန်ဖိုးပါ တိုးချဲ့ရန်လိုအပ်သည်။ ထိုသို့ဆောင်ရွက်ရန်မှာ ကျွမ်းကျင်မှုများတိုးတက်ရန်နှင့်/သို့မဟုတ် ဒေသအလိုက်သီးခြား ကျွမ်းကျင်မှုလိုအပ်သော အလုပ်အကိုင်များတိုးချဲ့ရန် လိုအပ်သည်။

၃၈။ **တရားဝင်ချေးငွေအရင်းအမြစ်များပြားလာခြင်း။** ယေဘုယျအားဖြင့် MFIများမှတစ်ဆင့် ဆင်းရဲသော အိမ်ထောင်စုများ (မြေရှိ၊မြေမဲ့)ကို ယင်းတို့၏ အကြွေးများစုစည်းပြီး စနစ်တကျပြန်လည်ပေးဆပ်နိုင်ရန်နှင့် စီမံခန့်ခွဲပေးရန် လိုအပ်သည်။

၃၉။ **စိုက်ပျိုးရေးလုပ်ငန်းငွေကြေးစနစ်/ချေးငွေ နှင့်စိုက်ပျိုးစီးပွားရေးလုပ်ငန်းများတွင်** ရင်းနှီးမြှုပ်နှံမှုများ ကြောင့် အသေးစား စိုက်ပျိုးရေးလုပ်ငန်းနည်းပညာများကို တိုးတက်လာနိုင်သည်။ လက်ရှိအခြေအနေတွင် စက်မှုလယ်ယာစနစ် တိုးတက်ပြောင်းလဲရန် အောက်ပါတို့က တွန်းအားပေးနေသည်။ (က)ပြောင်းနှင့်ပဲမျိုးစုံအဝယ်လိုက်ခြင်းနှင့် ဈေးကောင်းရခြင်း။ (ခ)လက်ရှိလုပ်ကိုင်နေသော လယ်မြေများကို လုပ်ကွက်ငယ်လယ်သမားများက ပိုင်ဆိုင်မှုကိုအာမခံသော လယ်ယာမြေပိုင်ဆိုင်မှုစနစ်။ (ဂ)လယ်ယာလုပ်သားရှားပါးလာခြင်း။ (ဃ)ပုဂ္ဂလိကကဏ္ဍကထောက်ပံ့သော နည်းပညာအသစ်များ ပိုမိုရရှိလာခြင်း။

၄၀။ **စိုက်ပျိုးလုပ်သားများ၏ ထုတ်လုပ်ပေးနိုင်မှုတိုးတက်စေမည့် နည်းပညာများ၊** သည် အပူပိုင်းဒေသရှိ လစာနည်းပါးသည့် လယ်ယာလုပ်ငန်းခွင် အမျိုးသမီးများအတွက်လည်း အကျိုးဖြစ်ထွန်းစေနိုင်သည်။ ဆောင်ရွက်မည့်လုပ်ငန်းများသည် ကျားမ တန်းတူအခွင့်အရေးရရှိရန်ဖန်တီးပေးရမည်ဖြစ်ပြီး လယ်ယာလုပ်ငန်းတွင် အမျိုးသားများနှင့်တန်းတူလုပ်ကိုင်လျက်ရှိသည့် အမျိုးသမီးများကို ချီးမြှောက်ပေးရန်လိုအပ်သည်။ ဆိုလိုသည်မှာ သွင်းအားစုများ၊စိုက်ပျိုးရေးဝန်ဆောင်မှုများနှင့်ဈေးကွက်ကို လက်လှမ်းမီစေခြင်းနှင့်အတူ ရေရှည်တွင် အမျိုးသမီးများအတွက် လုပ်ခလစာပိုကောင်းနိုင်မည့် အခြားကဏ္ဍများတွင် ပြောင်းရွှေ့လုပ်ကိုင်နိုင်ရန်လည်း ပံ့ပိုးကူညီပေးရမည်။ မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရန်အတွက် အလုပ်သမားအများစုငွေနည်းပညာများကိုလည်း စတင်အကောင်အထည်ဖော်ပေးရန်လိုသည်။ သို့မှသာ လယ်ယာကဏ္ဍရှိ အမျိုးသမီးများလက်ရှိလုပ်ကိုင်နေရသည့် လုပ်ငန်းများနှင့် ၎င်းတို့၏အခန်းကဏ္ဍကို ထိခိုက်မှုမှရှောင်ရှားနိုင်မည်ဖြစ်သည်။ ဥပမာဆိုရသော် လုပ်ခလာစာရသည့်လုပ်ငန်းများတွင် ဖယ်ကျဉ်ထားခြင်း (သို့) ဝင်ငွေမရသည့် အိမ်မှုကိစ္စများမှ အချိန်အအားပေးခြင်း စသည်

၄၁။ **ကလေးများအဟာရမပြည့်ဝမှုကိုလျှော့ချခြင်း။** တစ်ဦးချင်းအနေဖြင့်အစားအသောက်အလုံလောက်စွာ မစားသောက်ရခြင်းနှင့် ရောဂါဖြစ်ပွားရခြင်းတို့၏ အကြောင်းရင်းများကိုဖြေရှင်းရန် အခွင့်အလမ်းများရှိလာပြီ ဖြစ်သည်။ ယင်းတို့မှာ အထူးသဖြင့် အရေးကြီးသောဘဝအဆင့်များ( ဥပမာ ကိုယ်ဝန်ဆောင်ချိန်၊ မွေးစမှနှစ်နှစ်သားအထိ)တွင် အစားအသောက်အလေ့အကျင့်ကို ပိုမိုကောင်းမွန်စေခြင်း၊ ကျန်းမာရေးနှင့်သန့်ရှင်းရေးအထောက်အပံ့များကို လက်လှမ်းမီစေခြင်း၊ နို့စို့ကလေးနှင့်ကလေးငယ်များကို ကျွေးမွေးစောင့်ရှောက်ခြင်း အလေ့အကျင့်ကောင်းများကို အဟန့်အတားဖြစ်နေသည့် ပြဿနာများကိုဖြေရှင်းပေးခြင်း။

၄၂။ **အပြောင်းအလဲများ စနစ်တကျလုပ်ဆောင်ခြင်း။** အပူပိုင်းဒေသစီမံကိန်း၏ အသိပညာဗဟုသုတများနှင့် အထောက်အထားအထားများကို အသုံးပြုလျက် ကျေးလက်ဒေသရှိနွမ်းပါးသူများ အကျိုးဖြစ်ထွန်းစေမည့်ကဏ္ဍများတွင် စနစ်တကျ ပြောင်းလဲမှုများလွှမ်းခြုံနိုင်ရန် ဆောင်ရွက်သွားမည်။ အထူးအားဖြင့် လုပ်ကွက်ငယ်လယ်သမားများနှင့် မြေမဲ့ယာမဲ့ အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ရွေးချယ်မှုများကျယ်ပြန့်လာစေမည့် မူဝါဒအပိုင်းများနှင့် အဟာရရှိမှုတိုးတက်ရေးတို့အတွက် လုပ်ဆောင်သွားမည်။ ယင်းသည် LIFT နှင့် ၎င်း၏ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် မူဝါဒအပြောင်းအလဲများ အလိုက် အခွင့်အလမ်းများဖော်ဆောင်ပေးသွားရန် လိုအပ်သည်။ ဥပမာ ၂၀၁၅ခုနှစ်မတ်လ၂၅ရက်နေ့တွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် မြန်မာနိုင်ငံအတွက် ဆာလောင်မှုလုံးဝပပျောက်ရေးအတွက် စားနပ်ရိက္ခာဖူလုံရေးရေးနှင့်အဟာရ

ဆိုင်ရာ အမျိုးသားအဆင့်ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့သည်။ အဆိုပါအချက်သည် ကလေးများအဟာရချို့တဲ့မှုကို ဖြေရှင်းနိုင်မည့် အမျိုးသားအဆင့် ထိရောက်သောစီမံကိန်းများကို အစိုးရနှင့်လက်တွဲအကောင်အထည်ဖော်ရန် အခွင့်လမ်းကောင်းဖြစ်သည်။ ယင်းမှ ရလဒ်ကောင်းများအတွက် အခက်အခဲရှိသော်လည်း အမျိုးသမီးအတွက် အသွင်ကူးပြောင်းရေးတွင် စွမ်းဆောင်ရည်မြှင့်တင်ပေးမည့် သီးသန့်စီမံချက်များလည်း ဖော်ဆောင်နိုင်သည်။ ထို့အတွက် လက်ရှိလုပ်ငန်းများတွင် ကျားမတန်းတူရေးကို မြှင့်တင်ပေးနိုင်မည့် ဆောင်ရွက်ချက်များထည့်သွင်းပေးရန်လိုပြီး အမျိုးသမီးများကိုသာ ဦးစားပေးသည့် ခိုင်ခိုင်မာမာလုပ်ဆောင်ချက်များအားဖြင့်လည်း ထောက်ပံ့ကူညီပေးနိုင်သည်။

## အပူပိုင်းဇုံအစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

(နောက်ဆက်တွဲ ၁ ပါ အပူပိုင်းဇုန်အစီအစဉ်မူဘောင်ကိုကြည့်ပါ)

၄၃။ အထက်ပါအကန့်အသတ်များနှင့် အခွင့်အလမ်းများကို မှတ်သားပြီးနောက် အောက်ပါဦးစားပေးရလဒ် ၅ခု ကို အပူပိုင်းဇုံအစီအစဉ်တွင် သတ်မှတ်ထားသည်။

## စီမံကိန်း ရလဒ်များ

၁။ လုပ်ကွက်ငယ်လယ်သမားများ စိုက်ပျိုးထုတ်ကုန်ရောင်းချရာမှ ဝင်ငွေတိုးလာခြင်း။

၂။ လုပ်ကွက်ငယ်လယ်သမားများမွေးမြူရေးတိရစ္ဆာန်နှင့်တိရစ္ဆာထုတ်ကုန်များရောင်းချရာမှဝင်ငွေတိုးလာခြင်း။

၃။ ကျေးလက်နေအိမ်ထောင်စုများ လယ်ယာပြင်ပ အလုပ်အကိုင်များဖြင့် ဝင်ငွေတိုးလာခြင်း။

၄။ ကျေးလက်နေအိမ်ထောင်စုများ ပတ်ဝန်းကျင်ရိုက်ခတ်မှုဒဏ်ကို ခံနိုင်ရည်ရှိလာခြင်း။

၅။ သေးလှီသောကလေးများနည်းပါးလာခြင်း။

၄၀။ ဤရလဒ်များကိုရရှိစေရန်နှင့် အပြောင်းအလဲလုပ်ငန်းစဉ်ကို ထိရောက်စေရန်ဆင်းရဲမွဲတေမှုမှထွက်မြောက် စေသည့် လမ်းသုံးခုမှာ အောက်ပါတို့ဖြစ်သည်။

၁။ လယ်မြေ၊ လုပ်အားနှင့်/သို့မဟုတ် ငွေကြေးအခြေအနေရှိသည့် ကျေးလက်နေအိမ်ထောင်စုများကို တန်ဖိုးလှေခါးပေါ်သို့ "တက်လှမ်း"စေခြင်းဖြင့် ဆင်းရဲမွဲတေမှုမှလွတ်မြောက်စေရန်နှင့် ယင်းတို့၏ လုပ်အားနှင့်သီးထွက်ကိုသာမက ဈေးကွက်တင်နိုင်စွမ်းကိုပါ မြှင့်တင်ရန်ကူညီ ပေးမည်။ ဤအစီအစဉ်တွင် အောက်ပါအတိုင်း ကူညီထောက်ပံ့ပေးမည်ဖြစ်သည်။ (က)လယ်သမားမိသားစုများကို သင့်လျော်သည့် ငွေကြေးဝန်ဆောင်မှုများ အထူးသဖြင့် သီးနှံအမျိုးမျိုးထုတ်လုပ်ရာတွင် အသုံးပြုရမည့် အရင်းအနှီးနှင့် အငယ်စားစိုက်ပျိုးရေး စက်ကိရိယာများအတွက်မြှုပ်နှံသည့် အရင်းအနှီးများရရှိစေအောင် ဆောင်ရွက်ပေးခြင်း။ (ခ)တိရစ္ဆာန်မွေးမြူရေးကဏ္ဍတွင် တိုးတက်ပြောင်းလဲမှုများ။ (ဂ)ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ တိရစ္ဆာန်အစားအစာ၊ မျိုးစေ့ကောင်းများကို ပိုမိုလက်လှမ်းမှီစေခြင်း။ (ဃ)လုပ်ကွက်ငယ်လယ်သမားများအတွက် သီးနှံဈေးနှုန်းကောင်းမွန်စေ မည့် စိုက်ပျိုးစီးပွားရေးလုပ်ငန်းများ အတွက်ရင်းနှီးမြှုပ်နှံမှုများ။

၂။ ကျေးလက်နေအိမ်ထောင်စုများကို စိုက်ပျိုးရေးလုပ်ငန်းများမှ ပိုမိုထုတ်လုပ်မှုကောင်းမွန်သည့် ကဏ္ဍများသို့ "ထွက်ခွာ"နိုင်ရန် ကူညီပါမည်။ ယင်းမှာ ဒေသန္တရထွက်ခွာခြင်းမျိုးလည်းဖြစ်နိုင်ပြီး ဒေသတွင်းရှိ လယ်ယာမဟုတ်သောလုပ်ငန်းများတွင် ဝင်ငွေပိုကောင်းသော အလုပ်အကိုင်များကို ရှာဖွေခြင်းလည်း ဖြစ်နိုင်သည်။ ထို့အတူ ရွှေ့ပြောင်းထွက်ခွာပြီး ရပ်ဝေးတွင် ပိုကောင်းသော အခွင့်အလမ်းများကို ရယူခြင်းလည်းဖြစ်နိုင်သည်။ ဤကိစ္စရပ်အတွက် LIFTသည် အောက်ပါအတိုင်း ကူညီထောက်ပံ့မည်။ (က) ကျေးလက်ဒေသတွင် လယ်ယာမဟုတ်သော စီးပွားရေး လုပ်ငန်းများ ပေါ်ထွန်းစေမည့် ငွေရေးကြေးရေးဝန်ဆောင်မှုများ၊ (ခ) ရွှေ့ပြောင်းခြင်းဖြင့် ရလာဒ်ကောင်းများ ဖြစ်ပေါ်စေရန် ကျွမ်းကျင်မှုလေ့ကျင့်ပေးခြင်း၊ အလုပ်အကိုင်နှင့်

ဈေးကွက် သတင်းအချက်အလက်များ ပိုမိုရရှိစေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းကောင်းများရှိသည့် ဒေသများသို့ အိမ်ထောင်စုများ ရွှေ့ပြောင်းနိုင်စေမည့် ငွေကြေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်း။[၂၁]

၃။ ထွက်ခွာနိုင်ရန် ငွေရေးကြေးရေးအခြေအနေနှင့်စွမ်းဆောင်ရည် မရှိသောအိမ်ထောင်စုများကို "တောင့်ထား"နိုင်ရန် အကူအညီပေးခြင်း။ ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏စီးပွားရေး အသွင်ကူးပြောင်းမှုကာလအတွင်းတွင် ယင်းတို့၏ စားနပ်ရိက္ခာဖူလုံရန်နှင့်အာဟာရပြည့်ဝစေရန်အတွက် ရာသီဥတုနှင့်ကိုက်ညီသော စိုက်ပျိုးရေးလုပ်ငန်းကို သက်စောင့်ပိုက်ကွန် အဖြစ်အသုံးပြုမည်ဖြစ်သည်။ ဤအစီအစဉ်တွင် အောက်ပါအတိုင်းထောက်ပံ့ကူညီပါမည်။ (က)ဝင်ငွေနှင့်အသုံးစရိတ် ပိုမိုကိုက်ညီအောင် အိမ်ထောင်စုများဆောင်ရွက်နိုင်မည့် ငွေကြေး ဝန်ဆောင်မှုများကို လက်လှမ်းမီစေခြင်း။ (ခ) ရာသီဥတုဒဏ်နှင့် အပြောင်းအလဲကိုခံနိုင်မည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးနည်းစနစ်များကိုပြသပေးခြင်း။ (ဂ) မိခင်နှင့်ကလေးများ၏အာဟာရကို တိုးတက်ကောင်းမွန်စေခြင်း။ (ဃ)ခံနိုင်ရည်အနည်းပါးဆုံးသော အိမ်ထောင်စုများကို လူမှုရေးကာကွယ်ပေးခြင်း။

## ဆောင်ရွက်မည့်အဆင့်များ

၄၅။ ဤစီမံကိန်းတွင် ကျေးလက်နေလူထုနှင့် အိမ်ထောင်စုများ၏ ခံနိုင်ရည်အားအတွက် အဆင့်ဆင့်ဆောင်ရွက်မည်ဖြစ်သည်။ (က)ကျေးရွာအဆင့်တွင် စိုက်ပျိုးရေးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းဖြင့်လည်းကောင်း၊ ပိုမိုကျယ်ပြန့်သော ကျေးလက်စီးပွားရေးစနစ်အတွင်းတွင် အလုပ်အကိုင်ပိုမိုများပြားလာစေခြင်းဖြင့်လည်းကောင်း၊ အာဟာရပိုမိုပြည့်ဝစေခြင်းဖြင့်လည်းကောင်း၊ အဆင်းရဲဆုံးအိမ်ထောင်စုများ၏ ခံနိုင်ရည်စွမ်းကို ကာကွယ်ပေးခြင်း၊ မြှင့်တင်ပေးခြင်းဖြင့်လည်းကောင်း LIFTသည် အိမ်ထောင်စုများကို ယင်းတို့၏ စီးပွားရေးအလားအလာများကို အကောင်အထည်ဖော်နိုင်အောင် ကူညီမည်ဖြစ်သည်။ (ခ)မြို့နယ်နှင့်တိုင်းဒေသကြီး အဆင့်တို့တွင် ကျေးလက်စီးပွားရေးအခြေအနေတစ်ရပ်လုံးကို တိုးတက်ကောင်းမွန်စေရန် စီးပွားရေးလုပ်ဆောင်ချက်များကို ထောက်ပံ့ကူညီမည်ဖြစ်သည်။ (ဥပမာ တန်ဖိုးကွင်းဆက်နှင့်ကျေးလက်ငွေကြေးဆောင်ရွက်မှုများ) (ဂ)LIFTသည် သင်ခန်းစာများကို ဖော်ထုတ်ကာ အထောက်အထားများကိုပြုစုပြီး ပိုမိုကောင်းမွန်သော မူဝါဒများနှင့် ပြည်သူ့အသုံးစရိတ်ဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်နိုင်ရန် အသိပေးဖော်ထုတ်မည် ဖြစ်သည်။

၄၆။ အပူပိုင်းဇုံ စီမံကိန်း ကို အစိတ်အပိုင်း (၇)ခုဖြင့်ဆောင်ရွက်မည်ဖြစ်ပြီး တစ်ခုစီတွင် သီးခြားကျွမ်းကျင်မှုများ၊ ဖွဲ့စည်းမှုဆိုင်ရာ အတွေ့အကြုံများ၊ အကောင်အထည်ဖော်မည့် နည်းလမ်းများလိုအပ်သည်_

| | |
|---|---|
| အပိုင်း ၁။ | ကျေးလက်ဒေသငွေကြေးဝန်ဆောင်မှု |
| အပိုင်း ၂။ | မွေးမြူရေး |
| အပိုင်း ၃။ | မျိုးစေ့ထုတ်လုပ်ခြင်းနှင့်လုပ်ငန်းစဉ် |
| အပိုင်း ၄။ | လယ်ယာအကြံပေးဝန်ဆောင်မှုများ |
| အပိုင်း ၅။ | အာဟာရ |
| အပိုင်း ၆။ | ကြံ့ကြံ့ခံနိုင်မှုနှင့်ခံနိုင်ရည်မဲ့မှုလျှော့ချခြင်း |
| အပိုင်း ၇။ | ဒေသခံများ၏စွမ်းဆောင်ရည်တည်ဆောက်မှု |

၄၇။ ရေကိုသီးခြားအစိတ်အပိုင်းတစ်ခုအဖြစ်ဖော်ပြမထားသော်လည်း အပူပိုင်းဇုံနေလူထုအတွက် အကြီးမား ဆုံးသော အကန့်အသတ်ဖြစ်သည်။ ယင်းသည် လယ်ယာနှင့်လယ်ယာမဟုတ်သောထုတ်လုပ်မှုလုပ်ငန်းများတွင် သာမက အိမ်ထောင်စုလိုအပ်ချက်များကိုလည်း သက်ရောက်မှုရှိသည်။ ဤအစီအစဉ်၏လုပ်ငန်းအစိတ်အပိုင်းတိုင်းသည် ရေကောင်းရေသန့်ရရှိရေးနှင့် ရေစီမံခန့်ခွဲရေးဆိုင်ရာတို့ကို ကိုင်တွယ်မည်ဖြစ်သည်။ ယင်းတွင် အဓိကထောက်ပံ့မည့်နယ်မြေလေးခုရှိသည်_

---

[၂၁] LIFT is developing a national programme that will focus on specific support for better migration outcomes, which should be launched in 2015.

- မြေအောက်ရေထုတ်ယူရေး၊ စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများနှင့်ကိုက်ညီသော အငယ်စားဆည်မြောင်း စနစ်များ တည်ဆောက်ရေးတို့အတွက် လိုအပ်မည့် ငွေရေးကြေးရေးအရင်းအနှီးကို ထုတ်ပေးနိုင်မည့်နည်းလမ်းများကို ဆောင်ရွက်ပေးခြင်းအပိုင်း- ၁)
- ရာသီဥတုနှင့်ကိုက်ညီသောစိုက်ပျိုးရေး၊ ရေကိုအကောင်းဆုံးအသုံးချနိုင်ရန်စီမံခန့်ခွဲရေးတို့ကို အကြံပေးစည်းရုံး သည့် ဝန်ဆောင်မှုများကို ဆောင်ရွက်ခြင်းအပိုင်း- ၃)
- မြေအောက်ရေအရင်းအမြစ်ကို ရှာဖွေရန်၊ တွက်ချက်ရန်၊ အဆိပ်သင့်မှုများကိုဖြေရှင်းရန်အတွက် လေ့လာရေးအဖွဲ့ များကို တာဝန်ပေးအပ်ခြင်း၊
- WASHလုပ်ငန်းများကို ကောင်းမွန်အောင်ဆောင်ရွက်ပေးခြင်းဖြင့် အိမ်ထောင်စုသုံး ရေနှင့်သန့်ရှင်းမှုကို အဆင့်မြှင့်တင်ပေးခြင်း (အပိုင်း-၅)

## အပိုင်း(၁) ကျေးလက်ဒေသငွေကြေးဝန်ဆောင်မှု

၄၈။ ဤအစီအစဉ်သည် အောက်ပါအတိုင်း ထောက်ပံ့ပါမည်_

- *ဆင်းရဲနွမ်းပါးများအတွက် လက်ရှိငွေရေးကြေးရေးဝန်ဆောင်မှုများကို တိုးချဲ့ခြင်း။* LIFTသည် ဆင်းရဲနွမ်းပါးသူများ ကို ငွေရေးကြေးရေးဝန်ဆောင်မှုများပေးနေသည့် MFIများကို ငွေကြေးရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။ ဤရင်းနှီးမြှုပ်နှံမှု ဖြင့် အခြေခံချေးငွေများနည်းစနစ်များဖြစ်သော အုပ်စုလိုက်ငွေချေးခြင်း၊ အမျိုးသမီး များကိုဦးစားပေးခြင်း၊ ချေးငွေ များကို အုပ်စု၏စုပေါင်းအရင်းအနှီးဖြင့်အာမခံခြင်းတို့ကို တိုးချဲ့မည် ဖြစ်သည်။ ထို့ပြင်ဝယ်လိုအားရှိသော ရာသီသီးနှံ များအတွက် ငွေကြေးထောက်ပံ့ခြင်း၊ ဆင်းရဲသူများအတွက် ငွေကြေးဝန်ဆောင်မှုအသစ်တစ်ခုအဖြစ် အတိုးကြီး တရားမဝင်ချေးငွေများကိုစုပေါင်းကာ အတိုးနည်းသောချေးငွေသစ်တစ်ခုတည်းအဖြစ် စီစဉ်ပေးခြင်းကိုလည်း မိတ်ဆက်ဆောင်ရွက်မည် ဖြစ်သည်။
- *စိုက်ပျိုးရေးနှင့်အခြားစီးပွားရေးလုပ်ငန်းငယ်များအတွက် အရင်းအနှီးထောက်ပံ့ပေးခြင်း။* LIFTသည် အခြားစီးပွားရေး လုပ်ငန်းငယ်များတွင် ရင်းနှီးနိုင်မည့် ငွေကြေးဝန်ဆောင်မှုများကို ပိုမိုလက်လှမ်းမီအောင် ဆောင်ရွက်မည်။ ယင်းတွင် သင့်လျော်မည့်အငယ်စားနည်းပညာများလည်း ပါဝင်သည်။ (ဥပမာ။ လယ်ယာသုံးစက်ကိရိယာအငယ်စားများကို တတ်နိုင်သည့်ဈေးနှုန်းဖြင့် အရစ်ကျဝယ်ယူနိုင်ခြင်း၊ အငယ်စားဆည်မြောင်းစနစ်များ၊ မှန်လုံအိမ်များ) ယင်းတွင် အငယ်စားစိုက်ပျိုးရေးနည်းပညာများ(SSAT)၊ စိုက်ပျိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံတည်ဆောက်မှုများ၊ အငယ်စားစက်မှုလယ်ယာများ၊ မှန်လုံအိမ်စိုက်ပျိုးရေးများ၊ စိုက်ပျိုးရေးနှင့်သက်ဆိုင်သော စီးပွားရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်များ၊ အခြားသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ပစ္စည်းကိရိယာများငှားရမ်းမှု(ဥပမာ။ မုန့်ဖုတ်ပစ္စည်း ကိရိယာများ၊ အသုံးအဆောင်ကိရိယာထုတ်လုပ်သည့် စက်များ၊ အုတ်လုပ်သည့်စက်များစသည်)တို့ကို ဆောင်ရွက် စေနိုင်မည့် ငွေကြေးဝန်ဆောင်မှုများလည်း ပါဝင်သည်။
- *ငွေစုဆောင်းရန်စည်းရုံးခြင်း။* MFIများ ရေရှည်ခံရန်နှင့်တောင့်တင်းစေရန်အပြင် MFI၏ငွေချေးသူများကို လူမှုရေးအကာအကွယ်ပေးရန်အတွက် အရင်းအနှီးတစ်ရပ်အနေဖြင့် LIFTသည် နည်းပညာနှင့်ငွေရေးကြေးရေး ဆိုင်ရန် အကူအညီတစ်ရပ်ကို ပေးအပ်မည်ဖြစ်သည်။ ယင်းတွင် သီးခြားဖွံ့ဖြိုးမှုငွေစာရင်း သို့ ယင်း၏စုငွေနှင့် ညီမျှသော ငွေကြေးကိုလွှဲပြောင်းပေးမည်ဖြစ်သည်။ သီးခြားဖွံ့ဖြိုးမှုငွေစာရင်းဆိုသည်မှာ အနွမ်းပါးဆုံးဖောက်သည် များ၏ စုဆောင်းငွေနှင့်ညီမျှသော ငွေစာရင်းဖြစ်သည်။
- *MFIများနှင့်ဘဏ်များရေရှည်တည်တံ့ရန်အတွက် ဈေးကွက်ဖွံ့ဖြိုးမှုအထောက်အကူပေးခြင်း။* LIFTသည် အလား အလာရှိသော်လည်း ရေရှည်တည်တံ့နိုင်ဖွယ်မရှိသော MFIတို့ကို ရေရှည်တည်တံ့နိုင်ရန်ရည်ရွယ်လျက် ဆက်လက် ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။ ထို့ပြင်ကူးသန်းရောင်းဝယ်ရေးဘဏ်များနှင့်MFIများကို ဈေးကွက်အတက်အကျ ပြုလုပ်နိုင်မည့် ငွေကြေးဝန်ဆောင်မှုများကို ဆက်လက်ရင်းနှီးသွားမည်ဖြစ်သည်။
- *တစ်စိတ်တစ်ပိုင်းအာမခံရန်ပုံငွေ။* LIFTသည် ကူးသန်းရောင်းဝယ်ရေးဘဏ်များနှင့်MFIတို့က လောလော ဆယ်တွင် ဝန်ဆောင်မှုပေးခြင်းမရှိသေးသော (အငှါးဝယ်ယူစနစ်ကဲ့သို့ ချေးငွေများအားဖြင့်) ကျေးလက်ဒေသစီးပွားရေး လုပ်ငန်းငယ်များကို တိုးချဲ့၍ ငွေကြေးထောက်ပံ့နိုင်ရန် (risk capital)ကို ပေးအပ်မည်ဖြစ်သည်။ ထိုသို့ဖြင့်

ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုကို တိုးတက်စေမည်ဖြစ်သည်။ (လောလောဆယ်တွင် ရင်းနှီးမြှုပ်နှံခြင်းမရှိသေးသော ပုဂ္ဂလိကအရင်းအနှီးများ များစွာရှိနေသည်။) MFIများနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်များကို ဆုံးရှုံးမှုအသားတင် တန်ဖိုး၏ ၁ ရာခိုင်နှုန်းကို တစ်စိတ်တစ်ပိုင်းအာမခံ ရန်ပုံငွေဖြင့် တာဝန်ခံပေးမည်ဖြစ်သည်။

၄၉။ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလတွင် ငွေကြေးရေးဆိုင်ရာတွင်အားလုံးပါဝင်စေရန် တစ်နိုင်ငံလုံးသို့ အဆိုပြုလွှာများခေါ်ယူခြင်းဖြင့် အပိုင်း(၁)ကို စတင်ခဲ့ပြီးဖြစ်သည်။ ကျေးလက်ဒေသ ငွေကြေး လုပ်ငန်းများတွင် သီးသန့်ငွေရေးကြေးရေး အဖွဲ့အစည်းများက ဝင်ရောက်ဆောင်ရွက်မည်ဟု မျှော်လင့်ရပေသည်။

## အပိုင်း(၂) မွေးမြူရေး

၅၀။ ဤစီမံကိန်းသည် အောက်ပါအတိုင်း ထောက်ပံ့ပါမည်_

- မွေးမြူထားသောအကောင်များ၏ ကျန်းမာရေးဝန်ဆောင်မှုကို ကောင်းမွန်စေခြင်းဖြင့် သေပျောက်မှုနှင့်ရောဂါကျရောက်မှုကိုလျော့နည်းစေရန် ရပ်ရွာမှတိရစ္ဆာန်ကျန်းမာရေးလုပ်သားများကို လေ့ကျင့်ပေးခြင်းနှင့် ထောက်ပံ့ပေးခြင်း၊
- တိရစ္ဆာန်မွေးမြူခြင်း၊ အစာကျွေးခြင်း၊ စားကျက်မြေစီမံခန့်ခွဲခြင်းအပါအဝင် ပိုမိုကောင်းမွန်သော နည်းပညာနှင့် မွေးမြူရေးနည်းစနစ်များကို သုံးစွဲ၍ မွေးမြူရေးကုန်ထွက်နှုန်း တိုးတက်စေခြင်း၊
- မွေးမြူရေးဈေးကွက်နှင့်ပတ်သက်၍ မူဝါဒဆွေးနွေးခြင်း အသိပေးစည်းရုံးခြင်းတို့တွင် ကွင်းဆင်းရာမှရရှိခဲ့သော သက်သေအထောက်အထားများကို အသုံးပြုခြင်း၊

၅၁။ လုပ်ငန်းအစိတ်အပိုင်း(၂)ကို FAO နှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

## အပိုင်း(၃) မျိုးစေ့ထုတ်လုပ်ခြင်း

၅၂။ အစိုးရနှင့် ICRISAT, ACIAR တို့ ပူးပေါင်းသုတေသနပြုထုတ်လုပ်ထားသော ပဲမျိုးစုံမျိုးစေ့အသစ်များကို ဈေးကွက်တင်ရောင်းချရန်အတွက် ရည်ရွယ်ဆောင်ရွက်မည်ဖြစ်သည်။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနသည် မျိုးစပ်ခြင်း လုပ်ငန်းတွင် အောင်မြင်မှုအထိုက်အလျောက် ရရှိပြီးဖြစ်သော်လည်း မျိုးစေ့များကိုမျိုးပွားရာနှင့် ဈေးကွက်တင်ရာတွင်မူ အားနည်းချက်များရှိနေသည်။ ဤဌာနသည် ICRISAT နှင့် ပူးပေါင်းကာ အပူပိုင်းဇုန်၏ ရေမြေနှင့် သင့်လျော်ပြီး ပြည်ပ ဈေးကွက်များနှင့် ကိုက်ညီမည့် မျိုးသစ်များကို ဆက်လက်မျိုးစပ်လျက်ရှိသည်။

၅၃။ မျိုးစေ့များမျိုးပွားခြင်းနှင့် ဈေးကွက်တင်ခြင်းတို့ကို ပုဂ္ဂလိကကဏ္ဍနှင့် မျိုးစေ့များထုတ်လုပ်သော လယ်သမားတို့ ပူးပေါင်းဆောင်ရွက်မှသာ လုံလောက်သည့်အရေအတွက်နှင့် အရည်အချင်းကိုရရှိမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရန်အတွက် လယ်သမားများကို အသိအမှတ်ပြုမျိုးစေ့များကို သုံးစွဲရေးကိုသိရှိနားလည်အောင် လေ့ကျင့်ပေးရန်လိုအပ်သည်။ ပဲမျိုးစုံသည် ပင်တည်းဝတ်မှုံကူးသော သီးနှံများဖြစ်သောကြောင့် လယ်သမားများသည် နှစ်နှစ်/သုံးနှစ်အတွင်း ကိုယ်ပိုင်မျိုးစေ့များ ထုတ်လုပ်နိုင်မည်ဖြစ်သောကြောင့် စီးပွားရေးရင်းနှီး မြှုပ်နှံမှုမှာ စွန့်စားမည့်အခြေအနေတွင် ရှိနိုင်သည်။ ထို့ကြောင့် မျိုးစေ့ထုတ်လုပ်သည့်လုပ်ငန်းအစိတ်အပိုင်းအနေဖြင့် ပုဂ္ဂလိကကဏ္ဍသို့ မျိုးစေ့မျိုးပွားရန်မက်လုံးပေးခြင်းနှင့် အစိုးရ ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုအဖြစ် လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ပါသည်။

၅၄။ LIFTသည် လုပ်ငန်းအစိတ်အပိုင်း(၃)အတွက် လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနနှင့် ပူးပေါင်းကာ ၂၀၁၅ ခုနှစ်၊ ပထမနှစ်ဝက်တွင် စီမံချက်တစ်ခုကို အကောင်အထည်ဖော်ပါမည်။

## အပိုင်း (၄) လယ်ယာလုပ်ငန်းဆိုင်ရာ အကြံပေးဝန်ဆောင်မှုများ

၅၅။ ဤ မြို့နယ်မှ လယ်သမားများသည် သီးထပ်၊သီးညှပ်စိုက်ပျိုးခြင်းကို ကောင်းစွာကျွမ်းဝင်ကြပြီး ဖြစ်သည်။ မရေရာသော တိုတောင်းသည့်မုတ်သုန်ရာသီဥတုကို အကောင်းဆုံးအသုံးချကာ ထိခိုက်မှုကိုလျှော့ချနိုင်ရန်ဖြစ်သည်။ သို့သော် မြေဆီလွှာအရည်အသွေးကျဆင်းခြင်းနှင့် သဘာဝပေါက်ပင်ဆုံးရှုံးခြင်း တို့ကြောင့် အပူပိုင်းဇုံတွင် ဆက်တိုက်စိုက်ပျိုးခြင်းကို ထိခိုက်စေနိုင်သည်။ လျစ်လျူရှုထားပါက အပူပိုင်းဇုံသည် သဲကန္တာရအဖြစ်သို့ ကူးပြောင်းသွားနိုင်သည်။

၅၆။ ဤအစီအစဉ်သည် အောက်ပါအတိုင်း ထောက်ပံ့ပါမည်_

- လုပ်ကွက်ငယ်လယ်သမားတို့ စိုက်ပျိုးရေးနည်းပညာများ၊ ရာသီဥတုနှင့်ကိုက်ညီသော စိုက်ပျိုးရေးဆိုင်ရာ သတင်းအချက်အလက်များ ရရှိစေနိုင်မည့် ပူးပေါင်းညှိနှိုင်းရေးဆိုင်ရာ စနစ်များကို တည်ထောင်ခြင်း၊
- ငွေကြေးထောက်ပံ့သူများ၊ သွင်းအားစုပေးသွင်းသူများ၊ လုပ်ကွက်ငယ်လယ်သမားများနှင့် အစိုးရတို့ကို သီးနှံအသစ်စိုက်ပျိုးခြင်း၊ ပြင်ဆင်ခြင်း၊ လုပ်ငန်းစဉ်များနှင့် မိတ်ဆက်ပေးခြင်း (ဥပမာ - မှန်လုံအိမ်များ၊ ရာသီဥတုနှင့်ကိုက်ညီသော ရေပေးရေးစနစ်များ၊ အငယ်စားစက်မှုလယ်ယာများ၊ စိုက်ပျိုးစီးပွားလုပ်ငန်း များ)
- ကုန်ထုတ်လုပ်မှု အများဆုံးဖြစ်စေမည့်၊ ဆုံးရှုံးမှုကိုလျှော့ချစေမည့်၊ တန်ဖိုးကွင်းဆက်အခွင့်အလမ်းကို ပေးအပ်နိုင်မည့်အပြင် မြေဆီလွှာထိန်းသိမ်းခြင်း၊ ရေစီမံခန့်ခွဲခြင်း လုပ်ကွက်ငယ်လယ်သမားများ၏ စိုက်ပျိုးရေးကို စီးပွားရေးအရ တွက်ခြေကိုက်စေခြင်း စသည့်အခက်အခဲများကို လယ်သမားများက ရင်ဆိုင်နိုင်မည့် နည်းပညာနှင့်ငွေကြေးဆိုင်ရာ အကြံပေးခြင်း၊
- ရေမရရှိသောလယ်သမားများအတွက် အထွက်နှုန်းမြင့်မားသေချာစေမည့် ရာသီဥတုအလိုက်စိုက်ပျိုးခြင်း ဆိုင်ရာ အသိပေးစည်းရုံးမှုဆောင်ရွက်နိုင်ရန် အစိုးရဝန်ထမ်းများ၊ သွင်းအားစုပေးသွင်းသူများ၊လယ်သမား များကို သင်တန်းပေးခြင်း၊

၅၇။ ၂၀၁၅ခုနှစ်၊ ဒုတိယသုံးလပတ်အတွင်း အပိုင်း(၄)နှင့် သက်ဆိုင်သောအဆိုပြုလွှာများကို ခေါ်ယူကာ စတင်ဆောင်ရွက်ပါမည်။

## အပိုင်း(၅) အာဟာရ

၅၈။ ကလေးငယ်များ အာဟာရမပြည့်ဝခြင်းကို လျော့နည်းစေရန်အတွက် ချက်ချင်းလက်ငင်း ဆောင်ရွက်ရ မည်မှာ တစ်ဦးချင်းအစားအသောက်လုံလောက်မှုနှင့် ရောဂါဘယများကို ကိုင်တွယ်ရန်ဖြစ်သည်။ အိမ်ထောင်စုတိုင်း အာဟာရများ ပြည့်ဝသည့် အစားအစာများကိုလက်လှမ်းမီရေး၊ အာဟာရပြည့်ဝစွာစားသောက်တတ်ရေး၊ တစ်ကိုယ်ရေသန့်ရှင်းမှုအသုံးအဆောင်များကိုလက်လှမ်းမီရေး၊ နို့စို့ကလေးနှင့်ကလေးငယ်များအစာကျွေးမွေးမှုဆိုင်ရာ အဓိကအတားအဆီးများကို ကိုင်တွယ်ဖြေရှင်းရေး (IYCF) တို့ကို ဆောင်ရွက်နိုင်မည့် မဟာဗျူဟာများ လိုအပ် သည်။ ထို့ပြင် အရည်အချင်းမီသည့် ကျန်းမာရေးဝန်ဆောင်မှုများနှင့် ရှင်းလင်းလွယ်ကူစွာ ချိတ်ဆက်ထားရန် လည်း လိုအပ်သည်။

၅၉။ ဤစီမံကိန်းသည် အာဟာရဆိုင်ရာ ရလဒ်ကောင်းများ ရရှိစေရန်အတွက် အာဟာရနှင့် တိုက်ရိုက် ပတ်သက်သော ဆောင်ရွက်ချက်များအပြင် အာဟာရနှင့်စပ်လျဉ်းသော လုပ်ဆောင်ချက်တို့ကိုလည်း ဆောင်ရွက်မည် ဖြစ်သည်။

ဤစီမံကိန်းသည် အောက်ပါအတိုင်း ထောက်ပံ့ပါမည်_

- ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် ကလေးငယ်မိခင်များကို ရည်ရွယ်သည့် အမူအကျင့်ပြောင်းလဲရေးဆိုင်ရာ ဆက်သွယ်မှု၊ အားပေးသင့်သော အမူအကျင့်များတွင် မွေးစကလေးငယ်များကို နို့ဦးရည်တိုက်ကျွေးခြင်း၊ ခြောက်လ အထိ မိခင်နို့ကိုသာ တိုက်ကျွေးခြင်းအပါအဝင် နို့စို့နှင့်ကလေးငယ်များ ကျွေးမွေးသည့်စနစ်ကောင်းများ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများကို သံဓာတ်လုံလုံလောက်လောက် တိုက်ကျွေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ အမူအကျင့်ကောင်းများ၊ မဖွားမီနှင့် မွေးဖွားပြီးနောက် ကျန်းမာရေးစစ်ဆေးမှု ချိန်းဆိုမှုများကို မပျက်မကွက် တက်ရောက်ခြင်းအပါအဝင် ကျန်းမာရေးရယူမှုဆိုင်ရာ အမူအကျင့်များ၊ ကလေးသူငယ်များ ရောဂါများကို ထိရောက်စွာ ကုသခြင်း စသည်တို့ ပါဝင်သည်။

- တိုးတက်သော အာဟာရဆိုင်ရာဗဟုသုတဖြင့် ဆောင်ရွက်တတ်စေရန်အတွက် အမျိုးသမီးများအား အင်တိုက်အားတိုက်အားပေးသည့်အနေဖြင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ နို့တိုက်မိခင်များ၊ ၂နှစ်အောက် ကလေးငယ်များ (ရက် ၁၀၀၀ကာလ) ရှိသည့် အိမ်ထောင်စုများသို့ ငွေကြေးပံ့ပိုးခြင်း (cash transfer)၊
- အိမ်ထောင်စုများအား ပိုမိုကောင်းမွန်သော ရေနှင့်သန့်ရှင်းရေးဝန်ဆောင်မှုများ ပိုမိုလက်လှမ်းမီစေရန် ဆောင်ရွက်ခြင်း၊ အထူးသဖြင့် လေဟာပြင်တွင်အညစ်အကြေးစွန့်ခြင်းကို လုံးဝပပျောက်အောင် ရပ်ရွာသို့စည်းရုံးဆောင်ရွက်ခြင်း၊

၆၀။ ၂၀၁၅ခုနှစ်၊ ဒုတိယသုံးလပတ်တွင် အဆိုပြုလွှာများ ခေါ်ယူခြင်းဖြင့် အပိုင်း(၅)ကို ဆောင်ရွက် မည်ဖြစ်သည်။

## အပိုင်း(၆) ကြံ့ကြံ့ခံနိုင်မှုနှင့်ခံနိုင်ရည်မဲ့မှုလျှော့ချခြင်း

၆၁။ ဤလုပ်ငန်းအစိတ်အပိုင်းသည် ခံနိုင်ရည်မရှိဆုံးသော အိမ်ထောင်စုများကို ရည်ရွယ်သည်။ ယင်းတို့တွင် စွမ်းဆောင်မှုများ နည်းပါးသည့်အပြင် ရွှေ့ပြောင်းသွားလာနိုင်သည့် အခွင့်အရေးလည်း အကန့်အသတ်ဖြင့်သာရှိကြသည်။ ထို့ပြင် ပတ်ဝန်းကျင်ရိုက်ခတ်မှုအခြေအနေကို ကျော်လွှန်နိုင်မှုမှာလည်း အကန့်အသတ်ဖြင့်သာ ရှိကြသည်။ ကမ္ဘာ့ဘဏ်၏ အဆိုအရ "အခြားဝင်ငွေနည်းပါးသည့် နိုင်ငံများနှင့်မတူဘဲ မြန်မာနိုင်ငံရှိ ဆင်းရဲမွဲတေသူ အများစုမှာ ဆင်းရဲမွဲတေမှုသတ်မှတ်မျဉ်းကြောင်းအထက်နှင့် အောက်တွင်သာ စုပြုံ၍နေကြသည်။" ထို့ကြောင့် ဆင်းရဲမွဲတေမှုကိုလျှော့ချရန်မှာ အနွမ်းပါးဆုံးသူများ၏ဝင်ငွေကို မြှင့်တင်ပေးရန်သာမက ဆင်းရဲမွဲတေမှု သတ်မှတ် မျဉ်းကြောင်း အနားတဝိုက်တွင် ဝန်းရံနေသူတို့၏ ခံနိုင်ရည်ရှိမှုကိုလည်း မြှင့်တင်ပေးရန်လိုအပ်သည်။

၆၂။ ဆင်းရဲမွဲတေမှုနှင့် လူမှုရေးသက်စောင့်ပိုက်ကွန်မရှိမှုတို့၏ အဆက်အသွယ်မှာ အထောက်အထား အခိုင်အလုံရှိပြီး ဖြစ်သည်။ အမျိုးအစားအဆင့် လူမှုရေးအကာအကွယ်တစ်ရပ်မှာ ထွက်ပေါ်နေပြီး အစိုးရစနစ်များ၏ လုပ်နိုင်စွမ်းကိုလည်း တည်ဆောက်နေပြီဖြစ်သော်လည်း လူမှုရေးသက်စောင့်ပိုက်ကွန်ကို အခြေအနေနှင့်ကိုက်ညီသည့်နည်းများဖြင့် အကောင်အထည်ဖော်ရန်မှာ အခက်အခဲရှိနေသေးသည်။ ဤလုပ်ငန်း အစိတ်အပိုင်းသည် အပူပိုင်းဇုန်အတွင်းရှိ ရပ်ရွာအားလုံးနီးပါးတွင် လက်ရှိ လူမှုရေးအကာအကွယ်စနစ်များကို ထောက်ပံ့မည်ဖြစ်သည်။

၆၃။ ဤအစီအစဉ်သည် အောက်ပါအတိုင်း ထောက်ပံ့ပါမည်_

- အစဉ်အလာအရတည်ရှိသော ရပ်ရွာလူမှုရေးအကာအကွယ်အဆောက်အအုံများ၏ အရွယ်အစားနှင့် ရေရှည်ခံနိုင်မှုကို တိုးမြှင့်ပေးမည့် ငွေလွှဲပြောင်းပေးခြင်းအပါအဝင်ဖြစ်သည့် လူမှုရေးအကာအကွယ် လုပ်ငန်းများ၊
- DZP ၏ ငွေကြေးပံ့ပိုး/ငွေလွှဲပြောင်း (cash transfer) များကိုဆောင်ရွက်ရန်အတွက် ဒေသတွင်းရှိ မူလရှိနှင့်ပြီးသား လူမှုစောင့်ရှောက်ရေးဆောင်ရွက်မှုပုံစံများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ လိုအပ်ပါက ရေရှည်တည်တံ့စေရန်နှင့် လုပ်ကိုင်နိုင်စွမ်းတိုးတက်လာစေရန်အတွက် အလျဉ်းသင့်သလို ထောက်ပံ့ဆောင်ရွက်ပေးရန်
- အစိုးရက ထောက်ပံ့ထားသော ပင်မလူမှုရေးအကာအကွယ်ဌာနများသို့ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ လက်လှမ်းမီစေရန် ထောက်ပံ့ခြင်း၊
- ကျေးရွာအခြေပြုလူမှုရေးအကာအကွယ်များ တာရှည်ခံနိုင်ရန်အတွက် ကျေးရွာကော်မတီများနှင့် အစိုးရဝန်ထမ်းများကို စွမ်းရည်တည်ဆောက်ပေးခြင်း၊

၆၄။ ၂၀၁၅ ခုနှစ်၊ ဒုတိယသုံးလပတ်တွင် အဆိုပြုလွှာများ ခေါ်ယူခြင်းဖြင့် အပိုင်း(၆)ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

## အပိုင်း(၇) ဒေသခံများ၏စွမ်းဆောင်ရည် တည်ဆောက်မှု

၆၅။ အပူပိုင်းဇုံအတွင်းရှိ ဆင်းရဲနွမ်းပါးသောသူများ၏ စားနပ်ရိက္ခာဖူလုံရေးနှင့် အသက်မွေးဝမ်းကျောင်း အခြေအနေ တိုးတက်ကောင်းမွန်ရန်မှာ လူမှုရေးဆောင်ရွက်သူများနှင့် ပြည်သူ့ရေးရာဆောင်ရွက်ချက်များက အရေးပါသည်။ LIFT သည် အရပ်ဖက်လူမှုအဖွဲ့အစည်း(CSO)များကို အင်အားဖြည့်ပေးရန် အရင်းအမြစ်များကို ခွဲဝေပေးမည်ဖြစ်သည်။ ဒေသခံCSOများသည် ဒေသအခြေအနေကို ပို၍နားလည်ကာ ဒေသခံများ၏ကိုယ်စား ပိုမိုဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။ ထို့ကြောင့် ကာလရှည်၊ ကာလလတ်၊ ကာလတိုရည်မှန်းချက်များ အောင်မြင်ရန်အတွက် ပိုမိုလုပ်ကိုင်နိုင်စွမ်းရှိသော လုပ်ဖော်ကိုင်ဖက်

CSOများနှင့်အတူ အလုပ်လုပ်ကိုင်လိုပါသည်။ ရေရှည်တွင် LIFT သည် CSOများနှင့် အလုပ်လုပ်ကိုင်လိုပါသည်။ အကြောင်းမှာ ကျေးလက်ဒေသဆင်းရဲမွဲတေမှုလျှော့ချရေးနှင့် မျှတသောစီးပွားရေးတိုးတက်မှုကို ဖြစ်ပေါ်စေမည့် စီးပွားရေး နိုင်ငံရေး အခြေအနေများ ရရှိလာအောင် တိုက်တွန်းအားပေးရာတွင် အရပ်ဖက်လူမှုအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်သူများက အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသောကြောင့်ဖြစ်သည်။

၆၆။ LIFTသည် လက်ရှိနည်းလမ်းများအတိုင်း CSOများကိုထောက်ပံ့ခြင်း၊ ဒေသန္တရစွမ်းရည် တည်ဆောက် ခြင်းတို့ကို ပြုလုပ်မည့်အပြင် ဤအစီအစဉ်သစ်ဖြင့်လည်း အောက်ပါအတိုင်း အားဖြည့်သွား မည်ဖြစ်သည် –

- ဒေသခံ CSO များနှင့် သင့်လျော်သည့် မိတ်ဖက်ပြုဆောင်ရွက်ရန် ဦးစားပေးခြင်း၊
- ဒေသခံ NGO များ၊ CBO များက ယင်းတို့၏ စွမ်းရည်အလိုက် လုပ်ငန်းဆောင်ရွက်နိုင်အောင် ထောက်ပံ့နိုင်မည့် အသေးစားရန်ပုံငွေအထောက်အပံ့လုပ်ကွက်တစ်ခု တည်ဆောက်ခြင်း။[၂၂]

**လုပ်ငန်းအစိတ်အပိုင်းအလိုက်လျာထားသော ရန်ပုံငွေများ**

| | လုပ်ငန်းအစိတ်အပိုင်းများ | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ငွေကြေး | မွေးမြူရေး | မျိုးစေ့ လုပ်ငန်း | အကြံပေးဝန်ဆောင်မှု | အာဟာရ | ကြံ့ခိုင်စွမ်း | ဒေသခံ စွမ်းရည် | စုစုပေါင်း |
| လျာထားငွေ ကန်ဒေါ်လာ | ၁၆သန်း | ၆သန်း | ၇သန်း | ၄.၅သန်း | ၁၃သန်း | ၃.၅သန်း | ၂သန်း | ၅၂.၀သန်း |
| လျာထားသည့် စတင်မည့် အချိန် | ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ | ၂၀၁၅ခုနှစ် မေ | ၂၀၁၅ခုနှစ် စက်တင်ဘာ | ၂၀၁၅ခုနှစ် မေ | ၂၀၁၅ခုနှစ် မေ | ၂၀၁၅ခုနှစ် မေ | ၂၀၁၅ခုနှစ် အောက်တိုဘာ | |

[၂၂] The potential for a small grants funding window dedicated to local civil society organisations is a subject of a current LIFT study, the purpose of which is to formulate a plan of action for LIFT to get appropriate sums of funds to Myanmar CSOs as part of LIFT's new programmes in the Dry Zone, the Ayeyarwady Delta and the uplands. The study will identify what the parameters would need to be for a small grants fund to be effective (e.g., grant-size range, proposal/grant process, degree of fit required with the Dry Zone programme framework, legal and organizational requirements for civil society partners).

## နောက်ဆက်တွဲ( ၁ )အပူပိုင်းဇုံအစီအစဉ်မူဘောင်

### LIFT ရလဒ်(အမျိုးသားအဆင့်)

- (၁) လုပ်ကွက်ငယ် လယ်သမားများ၏ ထုတ်လုပ်မှု တိုးတက်ကာ ရေရှည် တည်တံ့ ခြင်း။
- (၂) လုပ်ကွက်ငယ် လယ်သမားများ ဈေးကွက်လက်လှမ်းမီမှု နှင့် ဈေးကွက် အခြေအနေ တိုးတက်လာ ခြင်း။
- (၃) လုပ်ကွက် ငယ်လယ် သမားများနှင့်လယ်မဲ့မြေမဲ့များအတွက် လယ်ယာနှင့်မဆိုင်သော အလုပ်အကိုင်တိုးတက်လာ
- (၄) လုပ်ကွက်ငယ်လယ်သမားများနှင့် လယ်မဲ့မြေမဲ့များသည် သက်သာသော ငွေရေးကြေးရေး ဝန်ဆောင်မှုများကိုလက်လှမ်းမီလာ ခြင်း။
- (၅) အမျိုးသမီး များ၊ အမျိုး သား၊ ကလေး များ၏အာဟာရ တိုးတက်ကောင်းမွန် ခြင်း။
- (၆) လုပ်ကွက် ငယ်လယ် သမားများနှင့်လယ်မဲ့မြေမဲ့ များသည် သယံဇာတ များကို လက်လှမ်းမီ ရရှိရေးနှင့် ရေရှည်အသုံး ပြုနိုင်ရေးတို့ အတွက် အာမခံချက် ရှိခြင်း။
- (၇) အသက်မွေးမှုနှင့်စားနပ်ရိက္ခာဖူလုံ စေရေးတွင်ကူညီ ထောက်ပံ့နိုင်ရန်အတွက် ဒေသခံတို့၏ စွမ်းဆောင် ရည်ကို အားဖြည့်ပေး ခြင်း။
- (၈) လုပ်ကွက် ငယ်လယ်သမားများ လယ်မဲ့ မြေမဲ့များနှင့် ပတ်သက်သော မူဝါဒနှင့် သက်ဆိုင်သည့် အထောက်အထားများကို

### အပူပိုင်းဇုံ၏ဦးစားပေးရလဒ်များ

- ၁။လုပ်ကွက်ငယ်လယ်သမားစိုက်ပျိုး ထုတ်ကုန်ရောင်းချရာမှ ဝင်ငွေတိုးလာခြင်း။
- ၂။လုပ်ကွက်ငယ်လယ်သမားများမွေးမြူရေး တိရစ္ဆာန်နှင့်တိရစ္ဆာန်ထုတ်ကုန်များရောင်းချရာ မှ ဝင်ငွေတိုးလာခြင်း။
- ၃။ကျေးလက်နေအိမ်ထောင်စုများ လယ်ယာမှအပ အလုပ်အကိုင်များဖြင့် ဝင်ငွေတိုးလာခြင်း။
- ၄။ကျေးလက်နေအိမ်ထောင်စုများ ပတ်ဝန်းကျင်ရိုက်ခတ်မှုဒဏ်ကို ခံနိုင်ရည်ရှိလာခြင်း။
- ၅။သေးလိုသောကလေးများနည်းပါးလာခြင်း။

### လုပ်ငန်းအစိတ်အပိုင်းများ

**၁။ကျေးလက်ဒေသ ငွေကြေး ဝန်ဆောင်မှု( ကန်ဒေါ်လာ ၁၆သန်း)**

- ဆင်းရဲသားများအတွက် လက်ရှိ ငွေကြေးဝန်ဆောင်မှု များကို တိုးချဲ့ခြင်း
- စိုက်ပျိုးရေးနှင့်အခြားစီးပွားရေး လုပ်ငန်းငယ်များအတွက် ရင်းနှီးထောက်ပံ့ပေးခြင်း
- ငွေစုဆောင်းရန်စည်းရုံးခြင်း
- MFIများနှင့်ဘဏ်များ ရေရှည်တည်တံ့ရန် အထောက်အကူပေးခြင်း
- တစ်စိတ်တစ်ပိုင်းအာမခံရန်ပုံ

**၂။မွေးမြူရေး(ကန်ဒေါ်လာ၆သန်း)**

- မွေးကောင်များ၏ ကျန်းမာရေး ဝန်ဆောင်မှုကို ကောင်းမွန်စေခြင်း
- တိရစ္ဆာန်မွေးမြူခြင်း အစာကျွေးခြင်း စားကျက်မြေ စီမံခန့်ခွဲခြင်း ဆိုင်ရာနည်းပညာများကို ကောင်းမွန်စေခြင်း
- သားသတ်လိုင်စင်စနစ်ကို ကောင်းမွန်စေခြင်း စသည်

**၃။မျိုးစေ့ထုတ်လုပ်ခြင်း (ကန်ဒေါ်လာ ၇သန်း)**

- အစိုးရနှင့် ICRISAT, ACIAIR တို့ပူးပေါင်းထုတ်လုပ်ထားသော ပဲမျိုးစုံမျိုးစေ့အသစ်များကို ဈေးကွက်တင်ခြင်း
- ခေတ်မီမျိုးစေ့ထုတ်လုပ်ရေး လုပ်ငန်းကိုတည်ဆောက်ခြင်း
- ပုဂ္ဂလိကကဏ္ဍကို အမှတ်တံဆိပ်ပြုခြင်း ဈေးကွက်တင်ခြင်း ဖြန့်ဖြူးခြင်းတို့တွင် ကူညီပေးခြင်း

**၄။လယ်ယာအကြံပေးဝန်ဆောင်မှု(ကန်ဒေါ် လာ ၄.၅သန်း)**

- SSATများကို အစိုးရ ၊ ပုဂ္ဂလိကကဏ္ဍ၊ ငွေကြေးထောက်ပံ့သူများ၊ လယ်သမားများသို့ မိတ်ဆက်ပေးခြင်း
- မြေဆီလွှာနှင့်ရေထိန်းသိမ်းရေး၊ သီးနှံစီမံခန့်ခွဲခြင်းဆိုင်ရာ နည်းပညာနှင့်ငွေကြေးအကြံပေးခြင်း
- အစိုးရဝန်ထမ်းများနှင့် သွင်းအားစုပေးသွင်းသူများကို သင်တန်းပေးခြင်း

**၅။အာဟာရ(ကန်ဒေါ်လာ ၁၃သန်း)**

- ကိုယ်ဝန်ဆောင်မိခင်မများနှင့် ကလေးငယ်မိခင်များ အမူအကျင့်ပြောင်းလဲရေး ဆိုင်ရာဆက်သွယ်မှု
- ရက်၁၀၀၀လုပ်ကွက်အတွက် ငွေကြေးလွှဲပြောင်းပေးခြင်း
- ရေနှင့်သန့်ရှင်းရေး ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်စေခြင်း အထူးသဖြင့် လေဟာပြင်တွင် အညစ်အကြေးစွန့်မှု ပပျောက်စေခြင်း

**၆။ကြံ့ကြံ့ခံနိုင်မှု( ကန်ဒေါ်လာ ၃.၅သန်း)**

- လူမှုရေးအကာအကွယ် လုပ်ငန်းများ (အစဉ်အလာအရ တည်ရှိသော ရပ်ရွာလူမှုရေး အကာအကွယ်အဆောက် အအုံများကို ငွေလွှဲပြောင်းခြင်း အပါအဝင်)
- ပင်မလူမှုရေးအကာအကွယ်ဌာနများသို့ ပိုမိုလက်လှမ်းမီစေခြင်း

**၇။ဒေသခံစွမ်းရည် တည်ဆောက်မှု (ကန်ဒေါ်လာ ၂သန်း)**

- ဒေသခံNGOများနှင့်သင့်လျော်သော မိတ်ဖက်ပြုဆောင်ရွက်ခြင်း
- FMOသို့မဟုတ် ပြင်ပကစီမံခန့်ခွဲသော အသေးစားရန်ပုံငွေ အထောက်အပံ့လုပ်ကွက်တစ်ခု တည်ဆောက်ခြင်း

### လုပ်ငန်းကန်ထရိုက် အချိန်ဇယားများ

**အဆင့် ၁( ကန်ဒေါ်လာ ၂၂သန်း)**

- ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလတွင် ကျေးလက်ဒေသငွေရေးကြေးရေးအတွက် အဆိုပြုလွှာများ ခေါ်ယူခြင်း ( ကန်ဒေါ်လာ ၁၆သန်း)
- ၂၀၁၅ခုနှစ် ဧပြီလတွင် FAOသို့ တိုက်ရိုက်ထုတ်ပေးခြင်း ( ကန်ဒေါ်လာ ၆သန်း)

**အဆင့် ၂ ( ကန်ဒေါ်လာ ၂၈သန်း)**

၂၀၁၅ခုနှစ် ဧပြီလတွင် အသိပေးစည်းရုံးမှု၊ အာဟာရ၊ ရှန်းပြန်မှု အတွက် အဆိုပြုလွှာများခေါ်ယူခြင်း ( ကန်ဒေါ်လာ ၂၁သန်း)

- ၂၀၁၅ခုနှစ် နှစ်လယ်တွင် DoAနှင့်မျိုးစေ့စီမံချက်ထူထောင်ခြင်း ( ကန်ဒေါ်လာ ၇သန်း)

**အဆင့် ၃( ကန်ဒေါ်လာ ၂သန်း)**

- ဒေသခံCSOများသို့ ထောက်ပံ့ရန်လေ့လာခြင်း
- အသေးစားရန်ပုံငွေ အထောက်အပံ့လုပ်ကွက်